ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့် ဗုဒ္ဓဟူးနေ့။ Wednesday, 1 April 2026 ၁၂၃၉

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကျင်းပ ပိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်

နေပြည်တော် မတ် ၃၁

သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စတင်ကျင်းပ

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၆၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၆၀ တက်ရောက်ပြီး တက်ရောက်မှုရာခိုင်နှုန်း ၉၈ ဒသမ ၈၆ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရန် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ဝင်များက ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုးထုတ်ယူပြီး သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။

ယနေ့ ဖတ်စရာ

မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် လက်ဖက်ယဉ်ကျေးမှု ဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

စာမျက်နှာ » ၉

ရေလျှောင်တမံများ၏ ကျေးဇူး

ဆောင်းပါး စာမျက်နှာ » ၁၀

အများပြည်သူဝန်ဆောင်မှုရှေးရှု သတ်မှတ်စည်းမျဉ်းများကိုလိုက်နာ

ပြည်သူများ နေ့စဉ်လူမှုစီးပွားဘဝ၌ ရှောင်လွှဲ၍မရနိုင်သောပစ္စည်းမှာ လက်ကိုင်ဖုန်းဖြစ်သည်။ လက်ကိုင်ဖုန်းအသုံးပြု၍ မိမိတို့၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့အောင် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ကိုင်တွယ်အသုံးပြုလျက်ရှိသည့် လက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့်တန်းတူ စနစ်တကျ ဖြစ်စေရန်နှင့် တရားဝင်အသိအမှတ်ပြုပြီး လုံခြုံစိတ်ချစွာ ကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် မိုဘိုင်းလက်ကိုင်ဖုန်းစနစ်တွင် ကြိုတင်မှတ်ပုံတင်နိုင်ရန် အစောပိုင်းကတည်းက အသိပေးဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ မိုဘိုင်းလက်ကိုင်ဖုန်းများဖြင့် နိုင်ငံအတွင်း တရားဝင်ဆောင်ရွက်ပေးနေသော မိုဘိုင်းအော်ပရေတာများ၏ ဆင်းကတ်များဖြင့်အသုံးပြုပါက စနစ်အနေဖြင့် မှတ်ပုံတင်ထားခြင်းရှိ/မရှိ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ပြည်သူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်း ဟန်းဆက်အသစ်ဝယ်ယူရာတွင်ဖြစ်စေ၊ အသုံးပြုဆဲ မိုဘိုင်းလက်ကိုင်ဖုန်း(ဟန်းဆက်အဟောင်း) အသုံးပြုရာတွင်ဖြစ်စေ စံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်းဖြစ်လျှင် စနစ်၏ ရည်ရွယ်ချက်အတိုင်း အသုံးပြု၍မရစေရန် စနစ်မှ ပိတ်သိမ်းသွားမည်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုမဖြစ်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက အဆင်ပြေချောမွေ့စွာ ဆက်လက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ကြိုတင်အသိပေးလျက်ရှိသည်။

လက်ကိုင်ဖုန်းနှင့်ပတ်သက်၍ IMEI နံပါတ်သတ်မှတ်ရခြင်းရည်ရွယ်ချက်ကို သိရှိနားလည်ထားရန်လိုအပ်သည်။ IMEI နံပါတ်သည် မိုဘိုင်းလက်ကိုင်ဖုန်းစတင်ထုတ်လုပ်သည့်အချိန်ကတည်းက ပါရှိလာသည့် ဖုန်းနှင့်ပတ်သက်သည့် အချက်အလက်အမှတ်အသားများဖြစ်သည်။ ဖုန်းအတုထုတ်လုပ်ခြင်းကို နောက်ဆုံးထုတ်ပြန်ထားသည့်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး ခွဲခြားနိုင်သည်။ ဖုန်းတွင်ဖော်ပြထားချက်များသည် မူရင်းထုတ်လုပ်သူ၏ ထုတ်လုပ်ခြင်းဟုတ်/မဟုတ် စနစ်ကစစ်ဆေးသွားမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အချို့နိုင်ငံများတွင် ဖုန်းအဟောင်းအပျက်များမှ အစိတ်အပိုင်းအချို့ကိုထုတ်ယူ၍ ပြန်လည်ပြုပြင်ထုတ်လုပ်ကြသည်။ အချို့ဆိုလျှင် ဖုန်းအသစ်ကဲ့သို့ ထုတ်လုပ်ရောင်းချခြင်း၊ ဒီဇိုင်းအသစ်၊ နာမည်အသစ်ဖြင့် တရားမဝင်လမ်းကြောင်းမှ ဈေးကွက်အတွင်း ဖြန့်ချိရောင်းချခြင်းများ ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းတို့သည် ဖုန်းအတုများသာဖြစ်ပြီး အိုင်တီနည်းပညာဖြင့် မူရင်းဖုန်းသတ်မှတ်ချက်များကိုကျော်လွှားကာ အသုံးပြုနိုင်အောင် ဆောင်ရွက်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဖုန်းဆင်းကတ်တစ်ခုတည်းဖြင့် IMEI အများဆုံးနှစ်သောင်းကျော်အထိ မှတ်ပုံတင်မှုရှိလာသည်ဟု သိရသည်။ IMEI ဆိုသည်မှာ မိုဘိုင်းဖုန်း၏ သီးခြားသတ်မှတ်ထားသည့် ကုတ်နံပါတ်ဖြစ်ပြီး မသမာသူများ လက်ထဲသို့ရောက်ရှိစေပြီး ထိုသို့ရောက်ရှိနေခြင်းသည် အွန်လိုင်းလမ်းညွှန်များမှ တစ်ဆင့် ဆောင်ရွက်နေမှုများကို မသိနိုင်သကဲ့သို့ဖြစ်စေသည်။ တရားဝင် မိုဘိုင်းအော်ပရေတာကွန်ရက်ထဲတွင် IMEI နံပါတ်တူများရှိလာနိုင်ပြီး အသုံးပြုဆဲနှိုက်တွင် အဆင်မပြေမှုများ၊ ပြဿနာများရှိလာနိုင်သည်ကို အခြားနိုင်ငံများတွင်ပါ တွေ့လာခဲ့သည်။

ယင်းအခြေအနေများကြောင့် တိကျမှန်ကန်သောစနစ်များကို ပြန်လည်တည်ဆောက်ခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မတိုင်မီက ဖုန်းအတုများရှိခဲ့သော်လည်း ခြွင်းချက်ကာလအတွင်း ဆက်လက်အသုံးပြုနိုင်သည်။ ထိုကာလအတွင်း ခွင့်ပြုစာရင်းတွင် အလိုအလျောက်ထည့်သွင်းနေစဉ် တွေ့ရှိရသည့် စံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်းများကို ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် ခြွင်းချက်အနေဖြင့် အသုံးပြုလျက်ရှိသည့် ဆင်းကတ်များနှင့် ယှဉ်တွဲလျက်ရှိသည့် စနစ်တွင် သိမ်းဆည်းပြီး သုံးနှစ် ဆက်လက်အသုံးပြုခွင့်ပေးသွားမည်ဟု သိရသည်။ ဟန်းဆက်အတုလက်ဝယ်ရှိသူသည် အတုဖြစ်ကြောင်းသိသည့်အချိန် အခြားသူတစ်ဦးသို့ ရောင်းချခြင်းကို ကာကွယ်နိုင်ရန် အခြားနိုင်ငံများတွင် ဆောင်ရွက်သကဲ့သို့ မှတ်ပုံတင်ထားသည့် ဆင်းကတ်မှလွဲ၍ အခြားဆင်းကတ်ဖြင့် အသုံးပြုနိုင်ခြင်း မရှိအောင် ကြိုတင်တားမြစ်ထားသည်ဟု သိရသည်။

သို့ဖြစ်ရာ အခွန်ပေးဆောင်ထားပြီး မှတ်ပုံတင်သည့် CEIR စနစ်တွင် ခွင့်ပြုစာရင်းဝင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း ဟုတ်/မဟုတ်နှင့် ဆက်သွယ်မှုရပ်ဆိုင်းထားသော မိုဘိုင်းလက်ကိုင်ဖုန်း ဟုတ်/မဟုတ် စစ်ဆေးထားရန် လိုအပ်ပါသည်။ ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် မိုဘိုင်းလက်ကိုင်ဖုန်းများတွင် တရားဝင်မိုဘိုင်းအော်ပရေတာများ၏ ဆင်းကတ်ထည့်လိုက်သည့်အချိန်တွင် စနစ်မှကြိုတင်မှတ်ပုံတင်ထားခြင်းမရှိကြောင်းသိရှိပြီး အခွန်ပေးဆောင်ခြင်းမပြုမီ ယာယီသုံးစွဲခွင့်ကာလအနေဖြင့် စတင်ချိတ်ဆက်ပြီး ရက်ပေါင်း ၃၀ အသုံးပြုနိုင်သည်။ ထိုကာလတွင် အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာဖုန်းသို့ အကြောင်းကြားမည်ဖြစ်၍ နိုင်ငံအတွင်း ဖုန်းအတုများ ဝင်ရောက်ခြင်းကို ကာကွယ်ပေးနိုင်ပြီး ပြည်သူအကျိုးကိုရှေးရှုသည့် ဝန်ဆောင်မှုပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိစာဖြေဌာန ၆၅ ဌာနတွင်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကို စာဖြေဌာန ၂၀၄ ဌာနတွင်လည်းကောင်း ဆက်လက်ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့တွင် စာဖြေစာရင်းသွင်း ၄၃၀ ပါး/ဦးအနက် ၂၇၂ ပါး/ဦး ဖြေဆိုကြသဖြင့် ၆၃ ဒသမ ၂၅ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့တွင် စာရင်းသွင်း ၆၁၇၀၃ ပါး/ဦးအနက် ၅၁၄၃၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၂၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

မင်္ဂလာဒုံမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရွှေနှံ့သာစရပ်ကွက်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးထူးကျော်ကအမှာစကား ပြောကြားပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က အမှာစကား ပြောကြားသည်။ သင်တန်းသား သင်တန်းသူများက သင်တန်းတစ်ခုချင်းအလိုက် သရုပ်ပြသကစားကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများ ဖြစ်သော ဘောလုံးအားကစားနည်း သင်တန်း၊ ဖူဆယ်အားကစားသင်တန်း၊ အခြေခံ/အဆင့်မြင့်တိုက်ကွပ်ခိုသင်တန်း၊ မြန်မာ့သိုင်းပညာသင်တန်း၊ အလေးမသင်တန်းနှင့် ပြေးခုန်ပစ်သင်တန်းတို့ကို သက်ဆိုင်ရာနည်းပြများက လက်တွေ့လေ့ကျင့်သင်ကြားပို့ချခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူ အားကစားသမားများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးကျော်နှင့် ဌာနဆိုင်ရာများက သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်းနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုငွေချီးမြှင့်ပေးအပ်ခဲ့သည်။ သင်တန်းကာလမှာ မတ် ၃ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၂၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ရဲရဲ့သိန်းထွန်း

ရေနည်းမည့် အခြေအနေ

နေပြည်တော် မတ် ၃၁

ဧရာဝတီဖြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၁၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် ဧပြီလ ပထမ ၁၀ ရက်ပတ်အတွင်း လက်ရှိရေမှတ်အထက် နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအထက်သို့ ပြန်လည်ရောက်ရှိနိုင်သည်။

မိုး/ဧလ

၃၁ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၁ - ၃ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၁၄,၅၀၀	၁၃,၅၀၀	၄၀၂	၅,၅၄၉,၀၀၀
MTSH	၆,၂၀၀	၆,၂၀၀	၈,၃၇၀	၅၁,၈၈၄,၀၀၀
MCB	၉,၂၀၀	၉,၂၀၀	၃	၂၇,၆၀၀
FPB	၄,၃၀၀	၄,၃၀၀	၁၉,၃၂၀	၈၃,၀၇၅,၂၀၀
TMH	၃,၄၀၀	၃,၄၀၀	၀	၀
EFR	၁,၈၅၀	၁,၈၅၀	၁,၄၀၀	၂,၅၃၂,၅၀၀
AMATA	၃,၉၀၀	၃,၉၀၀	၀	၀
MAEX	၃,၈၅၀	၃,၈၅၀	၂၇၈	၁,၀၇၀,၃၀၀
MADPL(PLB)	၃,၃၅၀	၃,၃၀၀	၇၃	၂၄၀,၉၅၀
ASPGB(PLB)	၃၉,၀၀၀	၃၉,၀၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ဧရာဝတီ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဂါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်၌၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ

အကြီးတန်း သတင်းထောက်များ - ခင်မိုမိုအောင်၊ ခင်ဗျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

☆ ရှေ့ဖုံးမှ

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများအဖြစ် အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၃ အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်ခဲ့ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း၊ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားသည့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အကျဉ်ချုပ်အလိုက် အမည်စာရင်းမှာ (၁) ဒေါက်တာကျော်ဆွေတောင်တွင်းကြီးမဲဆန္ဒနယ်၊ (၂) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့ဖြစ်ကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတလောင်း အဖြစ်အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက် ပိုသည့်အတွက် ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၆ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပုံပေးနည်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲပေးပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ရေတွက်သည်။

ဆက်လက်၍ ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒမဲပေးခြင်း အစီအစဉ်ကို ဆောင်ရွက်ရာ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များသည် ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုး ထုတ်ယူပြီး သတ်မှတ်ထားသည့် နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

ထို့အတူ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လည်း ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ဝင်များနှင့်အတူ သတ်မှတ်ထားသည့် နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (၄) အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးများအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်တို့ ကိုက်ညီခြင်း ရှိ /မရှိကို လွှတ်တော်၏ ရှေ့မှောက်၌ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရေတွက်စစ်ဆေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ဝင်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၂၆၀ ဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၆၀ ဖြစ်သည့်အတွက် ကိုက်ညီမှု ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၂ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း အတည်ပြုကြေညာသည်။

အသိပေးကြေညာ

ဆက်လက်၍ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယသမ္မတ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ ပြီးဆုံးကြောင်း ကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ ရေတွက်ကြစဉ်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

မုံရွာ မတ် ၃၁

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၈၅ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဘုတလင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးအောင်မင်းကျော်သူနှင့် အတွင်းရေးမှူး ဘုတလင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးသိန်းသန်းစိုး အပါအဝင် အဖွဲ့ဝင် ၁၁ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကျွန်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ဦးမြင့်တင်နှင့် အတွင်းရေးမှူး ရေဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ဦးရဲမိုးနိုင် အပါအဝင် အဖွဲ့ဝင် ၁၁ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ဒေါ်ကြူကြူစိန်နှင့် အတွင်းရေးမှူး ရေဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်လင်းဆန်း အပါအဝင် အဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အရအသုံးဝင်ဒေသခံစာရင်းဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် တန့်ဆည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးသော်နိုင်ဦးနှင့် အတွင်းရေးမှူး ခန္ဓီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးမြတ်ကို အပါအဝင် အဖွဲ့ဝင် ၁၃ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးစတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကျင်းပပြီးစီး၊ ဒုတိယသမ္မတအဖြစ် ဒေါ်နန်းနီနီအေးအား ရွေးချယ်တင်မြှောက်

နေပြည်တော် မတ် ၃၁

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဌေးက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၁၅၇ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၅၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

ဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့တွင် ဒုတိယသမ္မတလောင်းအဖြစ် ကိုယ်စားလှယ်များ အဆိုတင်သွင်းထားသည့် ကရင်ပြည်နယ် လွှတ်တော်၊ (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမနာမ်တူးဂျာတို့၏ အမည်စာရင်းနှင့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ(၁၃)အရ စိစစ်ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒမဲလက်မှတ်များကိုရေတွက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးခြင်း အစီအစဉ်ကို ဆောင်ရွက်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစုအဖွဲ့ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ နှစ်ဦးအနက်မှ တစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်များကို အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းများထံမှ လက်မှတ်ရေးထိုးထုတ်ယူကြကာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက်အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(၎)အရ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရေးမှောက်တွင် ဆန္ဒမဲပုံးများကို ဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်စားလှယ်များအား ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၁၅၅ မဲဖြစ်ပြီး ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်သည် ၁၅၅ မဲဖြစ်သည့်အတွက် ကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(၎)၊ နည်းဥပဒေခွဲငယ် ၅ အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ထို့နောက်အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရွေးမှောက်၌ ဒုတိယသမ္မတလောင်း တစ်ဦးစီရရှိသည့် ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ပြီး ဒုတိယသမ္မတလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲအနည်းအများအလိုက် အမည်စာရင်းကို ပုံစံ(၈)တွင် ဖြည့်စွက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများ၏ တစ်ဦးချင်း ထောက်ခံဆန္ဒမဲရရှိမှု အခြေအနေမှာ ကရင်ပြည်နယ်လွှတ်တော် (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေး ထောက်ခံဆန္ဒမဲ ၁၁၇ မဲနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမနာမ်တူးဂျာ ထောက်ခံဆန္ဒမဲ ၃၈ မဲတို့ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၂ အရ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ကရင်ပြည်နယ်လွှတ်တော် (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးအား ဒုတိယသမ္မတအဖြစ် ရွေးချယ် တင်မြှောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေး၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာသည်။

သတင်းစဉ်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစုအဖွဲ့ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူနှစ်ဦးအနက်မှ တစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)(၂၂)ကြိမ်မြောက်နှင့် (၂၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး မတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)၏ (၂၂)ကြိမ်မြောက်နှင့် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာဆွေဆက်က ဘွဲ့လွန်မဟာသိပ္ပံဘွဲ့ရသုံးဦး၊ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဘွဲ့ရ ၉၅ ဦး၊ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာဘွဲ့ရ ၆၀ နှင့် ဆေးဘက်ဆိုင်ရာခွဲသာခန်စွမ်းမှုနည်းပညာဘွဲ့ရ ၄၅ ဦးတို့ကို ဘွဲ့လက်မှတ်များ အပ်နှင်းပေးပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)သည် တက္ကသိုလ် စတင်ဖွင့်လှစ်ချိန်မှ ၂၆ နှစ်တာကာလအတွင်း မဟာသိပ္ပံဘွဲ့ရသူ စုစုပေါင်း ၅၉ ဦး၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာရှင် ၈၉၃ ဦး၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာရှင် ၆၄၂ ဦး၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာရှင် ၇၀၇ ဦးနှင့် ဘွဲ့ကြိုဘွဲ့ရသူဦးရေ စုစုပေါင်း ၂၂၄၂ ဦးတို့ကို ဘွဲ့များချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃၁

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယသမ္မတရွေးချယ်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်ခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်ရဲကျော်သူက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိက ယနေ့ကျင်းပသည့် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၆၆ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ သဘာပတိက ဒုတိယသမ္မတရွေးချယ်တင်မြှောက်ရေးဆိုင်ရာနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပြီး တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်မည့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရေး အတွက် အဆိုပြုလွှာများကို အခမ်းအနားမှူးမှတစ်ဆင့် သဘာပတိထံတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့သို့ ဆောင်ရွက်ရာတွင် တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်ကျော်သူရအေးက ဦးညီစော (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ကိုကိုးကျွန်းမဲဆန္ဒနယ်) အား တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အဆိုပြုတင်သွင်းရာ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်စိုးညွှန့်က ထောက်ခံတင်သွင်းသည်။

ယင်းအဆိုတင်သွင်းမှုအပေါ် ကနဦးကွက်သူမရှိသဖြင့် ဦးညီစော (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ကိုကိုးကျွန်းမဲဆန္ဒနယ်) အား တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အတည်ပြုခဲ့ပြီး သဘာပတိက ပြည်ထောင်စု လွှတ်တော်နာယကထံ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

ဘားအံ မတ် ၃၁

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ၂၁ ဦးတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက ပြည်နယ်တိုင်းရင်းသားများအခွင့်အရေးဆိုင်ရာကော်မတီ၊ အစိုးရအဖွဲ့၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များဆိုင်ရာကော်မတီ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးက အဆိုပါကော်မတီများ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ရန်မရှိသဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

တတိယအကြိမ် ကမ်ျင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

မြစ်ကြီးနား မတ် ၃၁

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ကချင်ပြည်နယ်မြစ်ကြီးနားမြို့ မနံခိန်ရပ်ကွက်အတွင်း၌ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့ကြပြီး လွှတ်တော်ကော်မတီ သုံးရပ်ကိုဖွဲ့စည်းရေး လွှတ်တော်သို့တင်ပြခဲ့ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရှားမမ်ျိုးက တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့လာသော ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာအား ဖတ်ကြားတင်ပြပြီး ဥပဒေကြမ်းကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြပြီး အကြံပြုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကျင်းပ

စစ်တွေ မတ် ၃၁

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ယနေ့နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွင်းလွင်ဦးက ဖွဲ့စည်းရန်လျာထားသည့် ဥပဒေပြုရေးကော်မတီတွင် အမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဖြသန်းအား ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် ရမ်းပြဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်ခိုင်ဇင်ဦးနှင့် ကော်မတီဝင် ခုနစ်ဦးတို့အား လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီတွင် ကျောက်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်စောသိန်းအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် ပေါက်တောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသာထွန်းနှင့် ကော်မတီဝင်ခုနစ်ဦးတို့အား လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇေယျအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် မင်းပြားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသိန်းထွန်းနှင့် ကော်မတီဝင်ငါးဦးတို့အားလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ရန် လျာထားသည့် အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့တင်ပြပြီး ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများ၏ဖွဲ့စည်းတာဝန် ပေးအပ်မည့်အမည်စာရင်းအား အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

မြန်မာမှု

မောင်လူမွှေး (မြန်မာမှု)

မြန်မာမှု ဟူသောဝေါဟာရသည် အနက်အဓိပ္ပာယ် ကျယ်ပြန့်လှပေ၏။ သို့သော် "မြန်မာမှု" ဆိုသည်နှင့်တစ်ပြိုင်နက် ဘာကိုဆိုလို သည်ဟုလည်း သဘောပေါက် သိလွယ်ကြပါ၏။

ဥပမာ လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေ၊ ကျောင်းကန်ဘုရား၊ စုံစီမှုဖာ စသည့်နာမ်ပေါင်းဝေါဟာရများသည် အတိအကျပြောရန် ခက်သော်လည်း မြန်မာတိုင်း သိကြသည်။ သဘောပေါက်ကြသည် ဟုဆိုရာ၏။

ထိုသို့ပင် မြန်မာမှုဆိုသည်မှာလည်း မြန်မာတို့၏ ပြုမူလုပ်ကိုင် ပြောဆိုကျင့်သုံးမှုများပင်ဖြစ်ပေသည်။ သို့သော် ထိုပြုမူပြောဆို လုပ်ကိုင်ရာရာတိုင်းကို မြန်မာမှုဟု ခေါ်ဆို၍မရပေ။

ဥပမာ ထမင်းစားကြသည်ဆိုသောအရာကို မြန်မာမှုဟုဆို၍ မရပေ။ ထမင်းစားနေစဉ် ဧည့်သည်တစ်ဦးဦး ရင်းနှီးသူတစ်ဦးဦး ရောက်လာသောအခါ "လာစားပါဦး" "ဘာဟင်းနဲ့စားကြတုံး" ဟုဆို၍ ဖိတ်မန္တ္တကပြုခြင်း၊ မေးမြန်းခြင်းသည်သာ မြန်မာ့ယဉ်ကျေးမှု (မြန်မာမှု) ဖြစ်ပေသည်။

ရှေးခေတ်က ဒေါင်းလန်းကြီးနှင့် မိသားစုလိုက် ထမင်းစားကြသည် လည်း **မြန်မာမှု**ပင်ဖြစ်သည်။ သို့သော် ကိုယ့်အတွက်မပါဘဲ "စားပါဦးလား"လို့ ပြောရပုံမလား။ "ဘာဟင်းနဲ့စားကြတုံး" ဆိုတာ သူတစ်ပါး တို့ရဲ့ ကိုယ်ရေးကိုယ်တာကို စပ်စုတာပဲ၊ ဒေါင်းလန်းကြီးပေါ် ထမင်ဟင်းတွေပုံပြီး မိသားစုပိုင်းစားကြသည်ကို ကျန်းမာရေးအရ မကောင်းဘူးပေါ့ဟူသောအမြင်မျိုး ရှုထောင့်မျိုးနှင့် သုံးသပ်ပါက ထိုမြန်မာမှု (ဓလေ့ထုံးတမ်း ယဉ်ကျေးမှု) ပျက်တော့၏။

ယနေ့တိုင် ကျေးလက်တောရွာဒေသများတွင် (ဒေါင်းလန်းနှင့် မစားကြတော့သည်မှအပ) လောကွတ်အရ ဖိတ်မန္တ္တကပြုခြင်း၊ မေးမြန်း ခြင်း စသည့်ဓလေ့များမှာ ရှိနေဆဲဖြစ်သည်။

ထိုသို့သော ပြောဆိုလုပ်ကိုင်ကျင့်သုံးနေထိုင်မှု စသည့်မြန်မာမှု များကား ... အကြောင်းအရာအလိုက် ကဏ္ဍအလိုက်များလှပါဘိ။ အကျဉ်းချုပ်ရပါက စာပေ အနုပညာ ယဉ်ကျေးမှု (ဓလေ့ထုံးတမ်းများ) အစုစုတို့မှ ဖြာထွက်သော အကြောင်းအရာများ ဖြစ်ပေသည်။

ဗုဒ္ဓဘာသာကိုအခြေခံ၍ ပေါ်ပေါက်လာသော မြန်မာမှုများ

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု စတင်လာခဲ့ သည်မှာ နှစ်ထောင်ချီ၍ရှိခဲ့ပေပြီ။ ကြာခဲ့ပေပြီ။ ထိုစာပေအနုပညာ ယဉ်ကျေးမှုဓလေ့ထုံးစံစသည်တို့မှာ ဗုဒ္ဓဘာသာကိုအခြေခံ၍ ပေါ်ပေါက်လာသော **မြန်မာမှု**များဖြစ်ပေသည်။

ဆရာကြီး ဒေါက်တာသန်းထွန်း ဂျပန်နိုင်ငံတွင် သမိုင်းပညာရှင် အဖြစ်နေခဲ့စဉ် ဂျပန်လူမျိုးတို့၏ စားသောက်နေထိုင်မှု၊ ဝတ်စား ဆင်ယင်မှု၊ ယုံကြည်ကိုးကွယ်မှု စသည်များကို မှတ်တမ်းပြုထားသည် ကို ဂျပန်မှ ၁၀၀ အတွဲ ၁၊ အတွဲ ၂ ဟု ထုတ်ဝေထား၏။ ဂျပန်နိုင်ငံ တည်ဆောက်မှုတွင် ထိုဂျပန်မှုများသည် မည်မျှအရေးပါကြောင်းကို လည်း သမိုင်းပညာရှင်ပီပီ အဖြွင်မျှ ဖော်ပြထား၏။

ဤသို့ပင် မြန်မာနိုင်ငံအနေဖြင့်လည်း လွတ်လပ်ရေးရပြီးခါစမှ စတင်ကာ မြန်မာမှုများ မည်မျှအရေးပါကြောင်းနှင့် ထိုမြန်မာမှုများကို ထိန်းသိမ်းရမည်ဟူသော မူဝါဒကို ချမှတ်ခဲ့ကြပေသည်။

လွတ်လပ်ရေးရရှိပြီး တိုင်းပြုပြည်ပြု ဗလငါးတန်ဖွံ့ဖြိုးမှု (ကာယ ဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလ) များကို ကြိုးပမ်း လုပ်ဆောင်ကြရာတွင် (ဆိုရန်တိုဗီလာစီမံကိန်းအရ) မြန်မာမှုများ အရေးပါပုံကို သခင်နုက အောက်ပါအတိုင်း ရေးသားထားလေ သည်။

"ဒဂုဏ်ပဉ္ဇီးဘတင်၏ အသံလွှင့်ချက်များကို စုပေါင်းထုတ်ဝေသော စာအုပ်တွင် ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများပါဝင်၍ စာဖတ် ပရိသတ်တို့ အကျိုးများမည်မှာ ယုံမှားဖွယ်ရာမရှိပေ။ မြန်မာဂီတ၊ သဘင် စသည်များကို စိတ်ဝင်စားသူတို့သည် ဤစာအုပ်ကို အထူး ဂရုပြုဖတ်ရှုကြစေလိုပါသည်" ဟု **ဒဂုဏ်ပဉ္ဇီးမြန်မာမှု** စာအုပ်နိဒါန်း တွင် အမှာစာ ရေးသားလေသည်။

ဆရာကြီး ဦးဖိုးလတ်၏ ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေး မှု သုတေသနစာ နိဒါန်းတွင်လည်း ...သုတေသနပြုသူတို့၏ စေတနာ စိတ်ထားကောင်းသော်လည်း အချို့နေရာတွင် မှားယွင်းချွတ်ချော် မှုများကြောင့် လိုရင်းမရောက်ဖြစ်ပြန်တတ်သည်။ **မြန်မာစာ မြန်မာမှု** တို့နှင့် ပွန်းတီးခြင်းရှိသည့် တိုင်းရင်းသားများ ပြည်ထောင်စုဖွားများ လိုအပ်ပေသည်ဟု နိဒါန်းချီထားသည်ကိုလည်း တွေ့ရပေသည်။

ထိုစာအုပ်ပါ အကြောင်းအရာများမှာ ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေးမှု သုတေသနဆိုင်ရာ စာပေများဖြစ်ပါသည်။

ကဗျာကဝိစာဆို ဆရာကြီးမင်းသုဝဏ်ကလည်း ... လူမျိုး၏ စာပေ၊ လူမျိုး၏ ယဉ်ကျေးမှု၊ လူမျိုး၏ အနုပညာ၊ လူမျိုး၏ ဓလေ့ထုံးစံတို့နှင့် စပ်ဆိုင်သော ဆောင်းပါးများ၊ ဟောပြောချက်များ၊ စာတမ်းစသည် များသည် ယဉ်ကျေးမှုနှင့် စာပေရေးရာ **မြန်မာစာ မြန်မာမှု** ဖြစ်ပါ ကြောင်းကို သူ၏စာအုပ်တွင် အညွှန်းဆိုထားပါသည်။

ကြည်ဦး၏ ရှေးထုံးစဉ်လာ မြန်မာမှုများစာအုပ်တွင် - ဘိသိက် သွန်းလောင်းခြင်း၊ ဘုရားကိုးဆူပူဇော်ခြင်း၊ မနုဿိဟရုပ်တု၊ ငါးကြင်း ဖြီး၊ ဟသ်ာရုပ်ကွမ်းခွက်၊ လောကနတ်၊ စန္ဒရုမြားကြိုး၊ လမိုင်းစသည် တို့ကို **မြန်မာမှု** အဖြစ် ရေးသားခြယ်ပြထားလေသည်။

ဦးတင်လှကလည်း - ထိုးကွင်းမင်ကြော်၊ ပတ်ခြောက်ဝိုင်း၊ ရုပ်သေးသဘင်၊ ကျောက်ပြင်၊ သနပ်ခါး၊ ဇရပ်၊ မြန်မာစာရေးကိရိယာ၊ ရှေးဟောင်းမြန်မာလက်မှုပညာ၊ မြန်မာအိုးခွက် စသည်တို့ကို **မြန်မာမှု** ဆိုင်ရာများအဖြစ် ဖွင့်ဆိုထားလေသည်။ ဤအချက်အလက်များကို အကြောင်းပြု၍ မြန်မာမှုဆိုင်ရာများသည် အရာရာနှင့် ဆက်စပ်နေ မှုရှိသည်ဟု ဆိုရပေမည်။

မြန်မာမှု ဟူသော ဝေါဟာရသည် အလျဉ်းသင့်သလို ပါလာစမြဲဖြစ်

မြန်မာမှု ဝေါဟာရအဓိပ္ပာယ်အောက်တွင် ဘာသာရေးစာပေ အနုပညာယဉ်ကျေးမှုစသည်များ အများအပြားပင်ရှိလေသည်။ ခေတ်အဆက်ဆက် ဘာသာရေး၊ သမိုင်းရာဇဝင်၊ အနုပညာ၊ ယဉ်ကျေး မှု စသည်တို့တွင် **မြန်မာမှု** ဟူသော ဝေါဟာရသည် အလျဉ်းသင့်သလို ပါလာစမြဲ ဖြစ်ပေသည်။

ဤဝေါဟာရသည် မည်သည့်ခေတ်ကာလလောက်မှ ပေါ်လာ သနည်းဟု သုတေသနပြုမိရာ အင်းဝခေတ်ကပင် စတင်သုံးစွဲကြောင်း တွေ့မိပါသည်။

အင်းဝခေတ် စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင်-

...သက္ကသကြ၊ မာဂဓနှင့်၊ သက္ကတဘာသာ၊ ဝေါဟာအပြား၊ ဤနှစ်ပါးတွင်၊ အိအားအက္ခရာ၊ လွဲကာလည်းပြု၊ **မြန်မာမှုဖြင့်**၊ ယနုလူတွင်၊ သိကြားထင်သည်...(စာ ၁၇၂)

စာဆိုဆရာတော်၏ဆိုလိုချက်မှာ - "မူလပါဠိ မဂဓာဘာသာ၊ သက္ကတ ဘာသာ ဝေါဟာရကို အိကာရန် အားကာရန် ပေါင်းစပ်ပြီး (ပါဠိသဒ္ဒါ တွင် အသဝဏ်ပြုသည်ဟု နည်းစနစ်တစ်မျိုးရှိ၏။ ထိုသဘောမျိုး ဖြစ်သည်။) တို့မြန်မာတွေက "သိကြား" လို့ "**မြန်မာမှု** ပြုရေးတယ်" လို့ ဆိုလိုခြင်းဖြစ်ပေသည်။

ပုဂံ၊ ပင်းယ၊ အင်းဝခေတ်ကပင် သိကြားမင်းဟု မြန်မာမှုပြုခဲ့သော ပါဠိပျက် ...ပါဠိသက် ဝေါဟာရမျိုးသည် ၂၀ ရာစုခေတ် (၁၉၆၈)ခုနှစ် ဝန်းကျင်အထိ မြန်မာမှုပြုသော (ပါဠိပျက်-ပါဠိသက်) ဝေါဟာရ စကားလုံးပေါင်းမှာ ၃၅၅၉-ပုဒ် ရှိလေသည် (ဦးထွန်းမြင့်ပါဠိသက် ဝေါဟာရ အဘိဓာန်၌)။ အခြားသော ပါရုန်း၊ အိန္ဒိယ၊ တရုတ်၊ တိဘက်၊ ထိုင်း၊ အင်္ဂလိပ် စသည့်ဝေါဟာရကို **မြန်မာမှု** ပြုထားသည်များလည်း အများပင်ရှိပေသည်။

ဤသို့ပင်ဆရာတော်သည် မြန်မာစာပေနှင့်ဆက်စပ်၍ သံဝဂပျို့ ထိုစာအုပ်တွင် ဆရာတော်ကြီးက "ဘာသာရေးနှင့် ယဉ်ကျေးမှုတို့ ဆက်စပ်ပုံ" ကို ဆွေးနွေးထားသည်။ ဆရာတော်ကြီး၏ ဆွေးနွေးချက်အရ ဘာသာရေးနှင့် ယဉ်ကျေးမှုတို့ ဆက်စပ်ပုံကို ဤသို့ ကောက်နုတ်ဖော်ပြ ပေးလိုပါသည်။

"ဘာသာရေးနှင့် ယဉ်ကျေးမှုတို့ ဆက်စပ်ပုံ

ဘာသာရေးနှင့် ယဉ်ကျေးမှုတို့ ဆက်စပ်ပုံကို ဆွေးနွေးရာတွင် ဘာသာရေးဆိုသည်မှာ ဘုရားရှိခိုးခြင်း၊ တရားနာခြင်း၊ သီလ ဆောက်တည်ခြင်း၊ ဘာဝနာပွားများခြင်း စသည်တို့ကို ဆိုလိုသည်။ ယဉ်ကျေးမှုဆိုသည်မှာ ဘာသာရေးကို အခြေခံ၍ ဖြစ်ပေါ်လာသော ဓလေ့ထုံးတမ်း၊ ဝတ်ပြုကိုးကွယ်မှု၊ ဆင်ယင်မှု၊ စားသောက်နေထိုင်မှု၊ ဘာသာစကား၊ စာပေ၊ ဗိသုကာ၊ ပန်းပု၊ ပန်းချီ၊ ဂီတ၊ သဘင်၊ ကခုန်ခြင်း စသည်တို့ကို ဆိုလိုသည်။

ဘာသာရေးနှင့် ယဉ်ကျေးမှုတို့ ဆက်စပ်ပုံကို ဆွေးနွေးရာတွင် ဘာသာရေးကို အခြေခံ၍ ယဉ်ကျေးမှုတို့ ပေါ်ပေါက်လာသော်လည်း ယဉ်ကျေးမှုကို အခြေခံ၍ ဘာသာရေး ပေါ်ပေါက်လာသည်ဟု မဆိုနိုင်ပေ။ ဘာသာရေးနှင့် ယဉ်ကျေးမှုတို့ ဆက်စပ်ပုံကို ဆွေးနွေးရာတွင် ဘာသာရေးကို အခြေခံ၍ ယဉ်ကျေးမှုတို့ ပေါ်ပေါက်လာသော်လည်း ယဉ်ကျေးမှုကို အခြေခံ၍ ဘာသာရေး ပေါ်ပေါက်လာသည်ဟု မဆိုနိုင်ပေ။

အခြေခံပညာအဆင့် အာကာသနည်းပညာအခြေခံ နွေရာသီသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

အခြေခံပညာအဆင့် အာကာသနည်းပညာအခြေခံ နွေရာသီသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အာကာသပြတိုက်(ရန်ကုန်)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်နှင့် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါက်တာမျိုးသန့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သင်တန်းနည်းပြများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ဘဝနှင့် နိုင်ငံ့အကျိုးအတွက်ပါအသုံးချနိုင်မည့် အုတ်မြစ်ကောင်းတစ်ခုဖြစ်နိုင်မည်ဟု ယုံကြည်ကြောင်းနှင့် သင်တန်းမှ သင်ကြားပေးလိုက်သည့် အတတ်ပညာများကို စနစ်တကျလေ့လာသင်ယူပြီး နိုင်ငံအတွက်အားထားရမည့် နိုင်ငံ့အကျိုးပြုနိုင်သည့် သားကောင်းများ၊ သမီးလှရတနာများ ဖြစ်ပါစေကြောင်း ပြောကြားပြီး မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်တို့က အခြေခံပညာအဆင့် အာကာသနည်းပညာအခြေခံ နွေရာသီသင်တန်းတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် ကူညီဆောင်ရွက်ပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၇ ဦး တက်ရောက်ပြီး နည်းပြများက သိပ္ပံနှင့် လူမှုစီးပွားရေးကဏ္ဍများတွင် ဂြိုဟ်တုများကို အသုံးပြုခြင်း၊ အာကာသဒုံးပျံများနှင့် ဂြိုဟ်တုလွှတ်တင်ရေးလုပ်ငန်းစဉ်၊ ဂြိုဟ်တုနှင့် မြေပြင်အခြေစိုက်စခန်းအကြား ဆက်သွယ်မှုစနစ်၊ ဂြိုဟ်တု တည်ဆောက်မှုတွင် ပါဝင်သော စက်ပစ္စည်းများ၊ အာကာသရုပ်ဝတ္ထုများ၏ ရွေ့လျားမှုသဘောတရားနှင့် ဂြိုဟ်တုအခြေပြု ကမ္ဘာမြေစောင့်ကြည့်လေ့လာရေးစနစ် သာသာရပ်များကို ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ်၌ Fire Hotspot လျှော့ချရေး အသိပညာပေး ဆွေးနွေး

သံဖြူဇရပ် မတ် ၃၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မီးလောင်မှု Fire Hotspot လျှော့ချရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၃၁ ရက် နံနက် ၁၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးမြင့်မြင့်ရှိန်က မီးခိုးမြူငွေ့နှင့် Fire Hotspot ဖြစ်ပေါ်မှု လျှော့ချနိုင်ရေးနည်းလမ်းများကို ဆွေးနွေးပြောကြားပြီး မော်လမြိုင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်ဝင်းက မွန်ပြည်နယ်အတွင်း Fire Hotspot လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးအကြောင်းအရာများကိုလည်း ကောင်း၊ မော်လမြိုင်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခေါ်ထူးက တောမီးလောင်မှုမဖြစ်ပေါ်စေရေး တားဆီးကာကွယ်ရေးဆိုင်ရာ အချက်ရှစ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထွေးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် Fire Hotspot လျှော့ချရေးကို ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျင်သိန်းက ရိုးပြတ်များမီးရှို့ခြင်းမှ ကာကွယ်တားဆီးရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တောမီးနှင့် အခြားမီးလောင်ကျွမ်းမှု Video Clip ကို ပြသပြီး မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

တာမွေမြို့နယ်၌ နွေရာသီ အင်္ဂလိပ်သဒ္ဒါနှင့် စကားပြော(အတတ်သင်) သင်တန်းဆင်းပွဲ ကျင်းပ

တာမွေ မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် နွေရာသီအင်္ဂလိပ်သဒ္ဒါနှင့် စကားပြော(အတတ်သင်) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက အဖွင့်အမှာစကားပြောကြားပြီး တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစံရိန်က မှဒိတာစကား ပြောကြားကာ နည်းပြဆရာဦးဝဏ္ဏထွန်းက သင်ခန်းစာပို့ချချက်များ၊ ဆုရွေးချယ်စစ်ဆေးနှင့် သင်တန်းသားများ ဆက်လက်လေ့လာရမည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ သင်တန်းကို မတ် ၂ ရက်မှ မတ် ၃၁ ရက်အထိ တစ်လကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး တာမွေမြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ ၁၆၀ တို့ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

မိုမိုအောင်(ပြန်/ဆက်)

အုတ်တွင်းမြို့နယ် သံဘိုကျေးရွာ၌ မြစိမ်းရောင်ရန်ပုံငွေများ သတ္တမအကြိမ် ထုတ်ချေးပေး

အုတ်တွင်း မတ် ၃၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက သံဘိုကျေးရွာ၌ ထုတ်ချေးပေးသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပေးအပ်ခြင်းနှင့်ပတ်သက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်စီမံကိန်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦး စုစုပေါင်း အသင်းသား ၂၄၂ ဦးအား မြစိမ်းရောင်ရန်ပုံငွေကျပ် ၄၇၈,၂၀၀,၀၀၀ ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

ဇမ္ဘူသီရိမြို့နယ်၌ အခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်းနှင့် Fitness Dance သင်တန်းဆင်းပွဲ ကျင်းပ

ဇမ္ဘူသီရိ မတ် ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အလယ်တန်းအဆင့် အခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်းနှင့် Fitness Dance သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇမ္ဘူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုက်ကွမ်ဒိုသင်တန်း၊ Fitness Dance သင်တန်းမှ ကျောင်းသားကျောင်းသူများက သရုပ်ပြဖျော်ဖြေကြပြီး ဇမ္ဘူသီရိမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားကာ ဇမ္ဘူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက သင်တန်းဖြစ်မြောက်ရေးအတွက် အဟာရဒါနနှင့် သွားလာရေးလွယ်ကူစေရန် ကူညီပံ့ပိုးလှူဒါန်းပေးပါသော အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး လွိုင်ကော်မြို့နယ် တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်

လွိုင်ကော် မတ် ၃၁

(၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တရားရေးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ် သယံဇာတရေးရာ ဝန်ကြီးနှင့် ပြည်နယ် တရားရေးဦးစီးမှူးတို့က မြို့နယ်တရားရုံးသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်တရားရေးဌာနဦးစီးမှူးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ မြို့နယ်ရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ကပြဖျော်ဖြေမည့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအဖွဲ့ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး နည်းပြဆရာမများနှင့် ယိမ်းအကအဖွဲ့များအတွက် အာဟာရ ဖြည့်စွက်စာများ ပေးအပ်သည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်နယ် ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ၂၀၂၆ ခုနှစ် မဟာသင်္ကြန်ပွဲတော် ကျင်းပမည့် ကန္တာပေဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ဗဟိုမဏ္ဍပ် ဆောက်လုပ်နေမှုနှင့် လမ်းလျှောက် သင်္ကြန်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မဟာသင်္ကြန် မဏ္ဍပ်ဆောက်လုပ်ရေး လုပ်ငန်းများ အချိန်မီပြီးစီးရန်၊ ရေလုံလောက်စွာ ရရှိရေးနှင့် လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သထုံမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး စည်းဝေး

သထုံ မတ် ၃၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်က သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ယိမ်းအဖွဲ့များ ရပ်ကွက်အလိုက်ထွက်ရှိရေးနှင့် ယိမ်းအကပြိုင်ပွဲများကို စနစ်တကျ စီစဉ်ကျင်းပသွားမည်ဖြစ်ပြီး ထိုက်တန်သည့်ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

သထုံမြို့နယ်တွင် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရေကစားမဏ္ဍပ်များ၊ ရိုးရာသင်္ကြန်ယိမ်းအကပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ လမ်းလျှောက်သင်္ကြန်ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲ၊ သင်္ကြီးပူဇော်ပွဲစသည်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပေါင်မြို့နယ်၌ ယခုနှစ်မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ပေါင် မတ် ၃၁

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ယနေ့မွန်းလွဲပိုင်းက မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်သည်။

ပေါင်မြို့နယ်၏ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် နှစ်စဉ် ကျင်းပလာသည့် အတာသင်္ကြန်ပွဲများထက် ထူးခြားလေးနက်သည့် အတာသင်္ကြန်ပွဲအဖြစ် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပေါင်မြို့နယ် (ဗဟို) သင်္ကြန်မဏ္ဍပ်အား ဇင်းကျိုက်ကန်ကြီးတွင် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ဧည့်ခံရေးမဏ္ဍပ်များနှင့် ရေကစား မဏ္ဍပ်များကို တည်ဆောက် လျက်ရှိကြောင်း၊ အလားတူ အဆိုပါကန်ကြီး လမ်းတွင် လမ်းလျှောက်သင်္ကြန်ကို ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ ပူးပေါင်း၍ ယခင်နှစ်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ထို့ပြင် ပေါင်မြို့နယ်အတွင်း စက်သုံးဆီခြိုးခြံခွေတာသုံးစွဲရေး အနေဖြင့် လမ်းလျှောက်သင်္ကြန် အပါအဝင် ဗဟိုမဏ္ဍပ်နှင့် အခြားသော မဏ္ဍပ်များကိုလည်း ကန်ကြီးလမ်းတွင် တစုတစည်းတည်း ကျင်းပမည်ဖြစ်ရာ လျှပ်စစ်မီးအသုံးပြု၍ စက်သုံးဆီသုံးစွဲရေးကို အနည်းဆုံး ချွေတာနိုင်ရေး စီစဉ် ဆောင်ရွက်ထားကြောင်း၊ နှစ်ဆန်းတစ်ရက်နေ့ တွင်လည်း ဇီဝိတဒါန ငါးလွှတ်ပွဲများ၊ သင်္ကြီးပူဇော်ပွဲများအား စီစဉ် ဆောင်ရွက်ထားကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

ပန်းတောင်းမြို့နယ်၌ ယိမ်းအဖွဲ့များ ကြိုတင်လေ့ကျင့်လျက်ရှိ

ပန်းတောင်း မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာယိမ်းအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာများမှ ယိမ်းအဖွဲ့များက ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကို အထက (ပန်းတောင်း) စာကြည့်တိုက်အတွင်း၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လေ့ကျင့်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းကာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်နိုင်သည့် သင်္ကြန်တေးသံသာများ၊ အကအလှများဖြင့် ကပြဖျော်ဖြေနိုင်ရန်အတွက် နေ့စဉ်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

မြင်းခြံမြို့ စည်ပင်သာယာဈေးကြီး၌ မီးဘေးအန္တရာယ်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

မြင်းခြံ မတ် ၃၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ စည်ပင်သာယာဈေးကြီး၌ မီးဘေးအန္တရာယ်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

မြင်းခြံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့်နှင့် တာဝန်ရှိသူများက စည်ပင်သာယာဈေးကြီးအတွင်းရှိ မီးသတ်ရေလုတ်တိုင်များ၊ အပေါ့စား မီးသတ်စက်များ၊ မီးသတ်ဆေးဘူးများ၊ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ချိတ်ဆွဲထားရှိမှု၊ မီးသတ်ယာဉ်များ ဝင်ထွက်သွားလာနိုင်ရေး လမ်းများအား စစ်ဆေးခြင်းနှင့် ရေဆိုးမြောင်းများ စနစ်တကျစီးဆင်းကောင်းမွန်ရေး၊ အများသုံးအိမ်သာများ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခဲ့သည်။

မြင်းခြံမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြင်းခြံမြို့ အေးမြသိတာ

ဈေး၊ စည်ပင်သာယာဈေးကြီးနှင့် စံပြဈေးတို့တွင်လည်း မီးဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်း၊ မီးလက်တွေ့ဖြစ်မီးသတ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချစ်ဦးနွေ(မြင်းခြံ)

မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် လက်ဖက်ယဉ်ကျေးမှု ဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

မန္တလေး မတ် ၃၁

၂၀၂၆ ခုနှစ် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်သည့် လက်ဖက်နှင့် သနပ်ခါးကို ဂုဏ်ပြုသည့်အနေဖြင့် လက်ဖက်ယဉ်ကျေးမှု ဆင်နွှဲ၊ ဒြပ်မဲ့ သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲကိုလည်း ထူးခြားသည့် အစီအစဉ်တစ်ခုအဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သည့် ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲနှင့်အတူ ယခုနှစ်တွင် ထည့်သွင်းကျင်းပမည့် ဓာတ်ပုံပြိုင်ပွဲ နှစ်ခုလုံးနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို ထုတ်ပြန်ကြေညာခဲ့ပြီး ဆုရရှိသူများကိုလည်း ထိုက်တန်စွာ ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဌာနမှူးဦးတင်ထွန်းဦးက ပြောသည်။

“ဓာတ်ပုံပြိုင်ပွဲနှစ်ခုစလုံးမှာ ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုအပြင် နှစ်သိမ့်ဆု ခုနှစ်ဆုကိုလည်း ချီးမြှင့်သွားဖို့ ရှိပါတယ်။ ပြိုင်ပွဲဝင် ဓာတ်ပုံတွေကို ဧပြီ ၂၂ ရက် သင်္ကြန်အပြီးမှာ ပေးပို့ရမှာဖြစ်ပါတယ်။ ဧပြီ ၂၃ ရက်မှာ ရွေးချယ်သွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

၂၀၂၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် မန္တလေးမြို့၌ ကျင်းပခဲ့သည့် ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့်ပြိုင်ပွဲဝင် ဓာတ်ပုံကို တွေ့ရစဉ်။

ထို့ပြင် ယခုနှစ်တွင် ထူးခြားစွာ ကျင်းပသည့် လက်ဖက်ယဉ်ကျေးမှု ဆင်နွှဲ၊ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဧပြီ ၂၁ ရက်အရောက် ပေးပို့ရမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်တွင် ဓာတ်ပုံပညာရှင်များက ရွေးချယ်ကာ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လူမှုကွန်ရက် စာမျက်နှာတွင် ကြေညာထားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“ကျွန်တော်တို့ လူမှုကွန်ရက်စာမျက်နှာမှာ တင်ထားတဲ့ပုံထဲက ကိုယ်ကြိုက်တဲ့ပုံကို နှစ်သက်ကြောင်း Like ပေးနိုင်ပါတယ်။ Like အများဆုံးရတဲ့ ဓာတ်ပုံကို ဆုချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်တွေအနေနဲ့ Facebook like များများရအောင် ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်” ဟု ၎င်းက ပြောသည်။

ယခုနှစ် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျူးပတ်လည်တစ်လျှောက်၌ မန္တလေးမြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ တိုင်းရင်းသားရုစ်မျိုး၏ မဏ္ဍပ်များအပါအဝင် မဏ္ဍပ်ပေါင်း ၄၅ မျိုးနှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ယိမ်းအကအဖွဲ့များ၊ မြန်မာ့ဆိုင်းဝိုင်းအဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာအလှူးအမွေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ကော့သောင်းမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်

ကော့သောင်း မတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ကော့သောင်းမြို့ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် (ဗဟို) သင်္ကြန်မဏ္ဍပ်ကို ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာပန်း၌ရှေ့၌ ထားရှိမည်ဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်ကို ဘုရင့်နောင်ရပ်ကွက် ကမ်းနားလမ်းတစ်လျှောက်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရပ်ကွက်များတွင် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ဧည့်ခံရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရပ်ကွက်အလိုက် ယိမ်းအကအဖွဲ့များဖြင့် ပြိုင်ပွဲကျင်းပဆောင်ရွက်နိုင်ရေး ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲများ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများက ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မကွေးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မကွေး မတ် ၃၁

မကွေးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်၊ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် ကမ်းနားလမ်းတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီထံမှ သိရသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့ We Love Magway အနီးကျောက်သားဥယျာဉ်ပန်းခြံမှ ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်သင်္ကြန်၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ယိမ်းအကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ရပ်ကွက်ယိမ်းအကအဖွဲ့ ခုနစ်ဖွဲ့၊ ဌာနဆိုင်ရာ ယိမ်းအကအဖွဲ့ ၁၁ ဖွဲ့ စုစုပေါင်း ယိမ်းအကအဖွဲ့ ၁၈ ဖွဲ့က အဖွဲ့လိုက် ယိမ်းအကတိုက်ခြင်းများ ဆောင်ရွက်လျက်ရှိကာ မဟာသင်္ကြန်ရက်များအတွင်း ဗဟိုမဏ္ဍပ်၌ နေ့စဉ်ခုံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ဌာနဆိုင်ရာနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေယှဉ်ပြိုင်မှုများ၊ စတုဒိသာဧည့်ခံကျွေးမွေးရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် စက်သုံးဆီသုံးစွဲမှုနှင့် ကုန်ကျစရိတ်များကို ချွေတာသည့်အနေဖြင့် ဧရာဝတီမြစ်အတွင်းမှ ရေများကို ပြန်လည်ပြည့်ဖြိုးမြဖွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် မြစ်ရေတင်ယူကာ လာရောက်ရေကစားသူများအား စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်နိုင်မင်း (ပြန်/ဆက်)

အင်းလေးရေပေါ်သင်္ကြန်ပွဲတော် ရိုးရာအစဉ်အလာများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ညောင်ရွှေ မတ် ၃၁

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးရေပေါ် မဟာသင်္ကြန်ပွဲတော်ကို ၂၀၂၆ ခုနှစ် ဧပြီ ၁၃ ရက် မဟာသင်္ကြန်ကြိုနေ့မှ ဧပြီ ၁၆ ရက် မဟာသင်္ကြန် အတက်နေ့အထိ အင်းလေးရေလယ်ဧည့်ခန်းမ၌ လေးရက်တိုင်တိုင် ရိုးရာ အစဉ်အလာများဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အင်းလေးရေပေါ် သင်္ကြန်ပွဲတော်တွင် ဂီတပညာရှင်များနှင့် အင်းလေးဒေသအတွင်းရှိ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ခေတ်ပေါ် တေးဂီတ ဖျော်ဖြေပွဲများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့များ၊ ယိမ်းအကအဖွဲ့များ၏ အကအလှများပါဝင်မည် ဖြစ်ပြီး ရေလယ်ဧည့်ခန်းမရှေ့ မျက်နှာစာတွင် ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် ရေပက် ဖျန်းပိုက်ငယ်များ ပြင်ဆင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်းအယ်ဘဲ

တောင်ကြီးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

တောင်ကြီး မတ် ၃၁

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မိရိုးဖလာရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီသည့် သင်္ကြန်ပွဲတော်ဖြစ်စေရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရန် ဗဟိုမဏ္ဍပ် အပါအဝင် စုစုပေါင်းမဏ္ဍပ် ကိုးခုဖြင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးတစ်လျှောက်တွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး စက်သုံးဆီချွေတာခြင်းအားဖြင့် လမ်းလျှောက်သင်္ကြန်ကိုလည်း တောင်ကြီးမြို့ သပြေလမ်းထိပ်မှ မဲခေါင်ရိပ်သာအထိ ပေ ၁၆၀၀ ခန့်ဖြင့်လည်းကောင်း၊ Ocean Center မှ Jasmine Hotel အထိ ပေ ၇၅၀ ခန့်ဖြင့်လည်းကောင်း တိုင်းရင်းသား မိဘပြည်သူများအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန်ကမ်ပိန်း၊ မြန်မာ့ရိုးရာကော်ဖီနှင့် လက်ဖက်ကမ်ပိန်း၊ မြန်မာ့ရိုးရာထမနဲကမ်ပိန်းစသည့် ထူးခြားသည့် အစီအစဉ်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအကအလှပြိုင်ပွဲများကို တက္ကသိုလ်ဒီဂရီကောလိပ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် / ကျေးရွာများမှ ယိမ်းအက ပြိုင်ပွဲဝင်များနှင့် ဖျော်ဖြေရေးယိမ်းအကအဖွဲ့များ၊ နိုင်ငံကျော် အဆိုတော်များ၊ ဒေသခံခေတ်ပေါ် တေးဂီတ အဆိုတော်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ နှစ်သစ်တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာယာရေးအတွက် သင်္ကြန်အကြိုနေ့မှစ၍ မြန်မာနှစ်ဆန်း ၃ ရက်နေ့အထိ အသံစမံမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထက်ဝေ(ပြန်/ဆက်)

ရေလှောင်တမံများ၏ကျေးဇူး

မြင့်မောင်စိုး

တစ်လောက ကျွန်တော့်သတင်းထောက်ကြီး တစ်ယောက်ရဲ့ ဖိတ်ကြားစီစဉ်မှုအရ ရန်ကုန်-မန္တလေးအမြန်လမ်း ၁၁၅ မိုင်အနီး ပဲခူးရိုးမပေါ်ရှိ ဖြူးချောင်းရေလှောင်တမံသို့ သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ ရန်ကုန်နဲ့နေပြည်တော် အကြိမ်ကြိမ် အခါခါသွားရောက်ခဲ့စဉ် အမြန်လမ်းမပေါ်ကနေ ဒီရေလှောင်တမံကို လှမ်းမြင်ရပေမယ့် လေ့လာခွင့်မကြုံခဲ့ပါ။ အခုတစ်ခါမှာတော့ ဖြူးချောင်းရေလှောင်တမံအကြောင်းသာမက နိုင်ငံတစ်ဝန်းက ရေလှောင်တမံကြီးတွေရဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ပေးနေတာတွေ၊ စိုက်ပျိုးရေးပေးဝေနေတာတွေကို အသေးစိတ် သိရှိလေ့လာခွင့်ရခဲ့ပါတယ်။

လှပခဲ့ညားတဲ့တာတမံ

ကျွန်တော်တို့လေ့လာရေးအဖွဲ့ ယာဉ်တန်းဟာ ၁၁၅ မိုင် အမြန်လမ်းမှ အနောက်ဘက် ပဲခူးရိုးမတောင်ကြောပေါ်တက်သွားပြီး နာရီဝက်ခန့်အကြာမှာတော့ ဖြူးချောင်းတမံကို ရောက်ပါတယ်။ ကြည်စိမ်းနေတဲ့ရေပြင်၊ လှပခဲ့ညားတဲ့တာတမံ၊ ညို့ညို့ဆိုင်းဆိုင်းရှိနေတဲ့ တောတောင်လျှိုမြောင်တွေကြောင့် စိတ်ကြည်နူးဖွယ်ကောင်းလှပါတယ်။

ရေလှောင်တမံအနီးမှာတော့ ရေလှောင်တမံနဲ့ ပတ်သက်တဲ့ ကြေးပြားကမ္ဘည်းမော်ကွန်း စိုက်ထူထားတာကို တွေ့ရပါတယ်။ မော်ကွန်းမှာရေးထားတဲ့စာတန်းကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ခဲ့ပြီး (၈-၁-၂၀၁၅) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်လို့ ရေးသားထားတာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ ရေလှောင်တမံနဲ့ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူတွေကိုလည်း မေးမြန်းခဲ့ပါသေးတယ်။

“ကျွန်တော်တို့ ဒီရေလှောင်တမံကြီးကနေ ၂၀၁၄ ခုနှစ်နောက်ပိုင်းကစတင်ပြီး ဓာတ်အားထုတ်လုပ်ပါတယ်။ ဒီဓိုင်းအရဆိုရင်တော့ တစ်နှစ်ကို ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်ပါတယ်။ မနှစ်ကတော့ ဆည်ရေပင်ရောက်မှု အားကောင်းတာကြောင့် လျှာထားချက်ကို ကျော်လွန်ပြီး ၂၀၉ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပါတယ်”လို့ ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စက်ရုံမှူး ဦးမင်းသူအောင်က ဆိုပါတယ်။ ဘက်စုံရေလှောင်တမံစီမံကိန်းတွေဟာ မဟာဓာတ်အားလိုင်း(National Grid) ထဲကို နေ့စဉ် ဓာတ်အားတွေထုတ်လုပ်ပို့လွှတ်နေသလို စိုက်ပျိုးရေးကိုလည်း ဖြန့်ဖြူးပေးနေပါတယ်။

“ကျွန်တော်တို့ ဖြူးချောင်းရေလှောင်တမံက ဒီနှစ်နွေရာသီမှာတော့ နွေစပါးအတွက် စိုက်ပျိုးရေ ပေးဝေနေပါတယ်။ စုစုပေါင်း နွေစပါးစိုက်ဧက ၁၈၀၀၀ အတွက်ဖြစ်ပါတယ်။ စီမံကိန်းရဲ့ သုံးပုံတစ်ပုံပါ။ စီမံကိန်းအားလုံးပြီးသွားရင်တော့ ဧက ၉၀၀၀၀ အထိ နွေစပါးရေပေးဝေနိုင်မှာဖြစ်ပါတယ်” လို့ ဖြူးချောင်းရေလှောင်တမံစီမံကိန်းတည်ဆောက်ရေး (၁)လက်ထောက်ညွှန်ကြားရေးမှူး ဦးတလန်ကြားက ဆိုပါတယ်။

စိုက်ပျိုးရေးအတွက်လည်း အားထားရ

မြန်မာနိုင်ငံမှာ စပါးစိုက်ဖို့ စိုက်ပျိုးရေလည်း ပေးနိုင်၊ လျှပ်စစ်ဓာတ်အားလည်း ထုတ်လုပ်ပေးနိုင်တဲ့ နိုင်ငံပိုင်ဘက်စုံရေလှောင်တမံစီမံကိန်း ၂၅ ခု ရှိကြောင်း လေ့လာမှတ်သားရပါတယ်။ အများအားဖြင့်တော့ ဖြူးချောင်းရေလှောင်တမံအပါအဝင် ဘီလူးချောင်း၊ ကင်းတား၊ ဆည်တော်ကြီး၊ ဇော်ဂျီ၊ ပေါင်းလောင်း၊ သဖန်းဆိပ်နဲ့ ရဲရွာ အစရှိတဲ့ ရေလှောင်တမံစီမံကိန်းတွေဖြစ်ပါတယ်။ ဒီလို စီမံကိန်းတွေဟာ လျှပ်စစ်ဓာတ်အားလည်းထုတ်လုပ်ပေးနိုင်သလို စိုက်ပျိုးရေးအတွက်လည်း အားထားရတဲ့ စီမံကိန်းကြီးတွေဖြစ်ပါတယ်။

ဒီလိုဘက်စုံရေလှောင်တမံ စီမံကိန်းကြီးတွေဟာ အခြားအခြားသော ရေလှောင်တမံစီမံကိန်းတွေနဲ့မတူပါဘူး။ ပထမဦးစွာ ရေလှောင်တမံမှ ထုတ်လွှတ်လိုက်တဲ့ရေကို အသုံးပြုပြီး တာဘိုင်စက်တွေကို လည်ပတ်စေကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တာဖြစ်ပါတယ်။ တစ်ဖန် ရေအားလျှပ်စစ်ထုတ်လုပ်ရာမှ စီးဆင်းသွားတဲ့ရေတွေကို အောက်ဘက်မှာ ရေလွှဲဆည်တစ်ခုတည်ဆောက်ပြီး စိုက်ပျိုးရေအဖြစ် အသုံးချတာဖြစ်ပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်တဲ့ ရေလှောင်တမံ ၂၅ ခု အနက်က စီမံကိန်းအများစုကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ အကောင်အထည်ဖော် တည်ဆောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းတွေအရ သိရပါတယ်။ ဒီလိုဘက်စုံရေလှောင်တမံစီမံကိန်းတွေ အကောင်အထည်ဖော်တည်ဆောက်နိုင်ဖို့ဆိုတာ ငွေကြေးအရင်းအနှီး ရှိရုံနဲ့မဖြစ်ပါဘူး။ မြေမျက်နှာသွင်ပြင် ပထဝီအနေအထားက အဓိကအကျဆုံးလို့ဆိုရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဆည်တမံအများစုဟာ တောင်ကုန်းတောင်တန်းတွေနဲ့ ချိုင့်ဝှမ်းတွေကို အခြေခံတည်ဆောက်ထားတာပါ။ မြန်မာနိုင်ငံမှာ အရှေ့ဘက်မှာဆိုရင် ရှမ်းကုန်းမြင့်၊ အနောက်ဘက်မှာဆိုရင် အနောက်ရိုးမ၊ အလယ်ပိုင်းမှာဆို အလယ်ရိုးမခေါ်ပဲခူးရိုးမ စတာတွေရှိပါတယ်။ ဆည်တမံအများစုဟာ တောင်ရိုးတောင်စွယ်တွေကို တာတမံအဖြစ် ဖြတ်တားကာ တည်ဆောက်ခဲ့တာပါ။

ဒါဟာ မြန်မာနိုင်ငံအတွက် သဘာဝကပေးတဲ့ လက်ဆောင်လို့ဆိုရမှာပါ။ ဒီလိုတောင်ရိုးတောင်စွယ်တွေ၊ တောင်တန်းတွေ၊ ချောင်းတွေ၊ မြောင်းတွေ မရှိဘူးဆိုရင် ဘက်စုံရေလှောင်တမံစီမံကိန်းတွေ တည်ဆောက်နိုင်ဖို့မဖြစ်နိုင်ပါဘူး။ မြန်မာနိုင်ငံမှာ အဓိကရေချိုအရင်းအမြစ်တွေဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နဲ့ စစ်တောင်းမြစ်ကြီးတွေဆိုတာ ရှိပါတယ်။ ဒီမြစ်ကြီးတွေကလည်း တောင်တန်းတွေကို မြစ်ဖျားခံပြီး ပေါ်ပေါက်လာတာဖြစ်ပါတယ်။ တကယ်လို့သာ ဆည်တမံတွေမရှိဘူး၊ မတည်ဆောက်ခဲ့ဘူးဆိုရင် မိုးအခါမှာ ရေကြီးရေလျှံမှုတွေ ပိုမိုပြီးဖြစ်ပွားနိုင်သလို နွေအခါမှာလည်း ရေပြဿနာကြုံတွေ့ရဖို့ ရှိပါတယ်။

ဆည်တမံအစုအဖွဲ့တွေ ပေါ်ပေါက်လာ

မြန်မာနိုင်ငံမှာ ယခင်က ဆည်တမံဆိုတာ နည်းပါတယ်။ အခုအချိန်မှာတော့ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းတွေမှာ ဆည်တမံအစုအဖွဲ့တွေ ပေါ်ပေါက်လာတာတွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကိုကြည့်မယ်ဆိုရင်လည်း ဟိတုန်းက မိုးကောင်းရေသောက်မျှသာဖြစ်ပါတယ်။ မိုးကောင်းရေသောက်ဆိုတာ မိုးကောင်းတဲ့နှစ်မှာ စိုက်ရေးပျိုးရေးကောင်းပါတယ်။ မိုးခေါင်တဲ့နှစ်မှာတော့ စိုက်ပျိုးရေးမကောင်းပါဘူး။ စိုက်ပျိုးရေးမကောင်းရင် အခြားစီးပွားရေးတွေလည်း မကောင်းနိုင်ပါဘူး။ စီးပွားရေးမကောင်းရင် လူတစ်ဦးချင်း ဝင်ငွေကျဆင်းနိုင်သလို တိုင်းပြည်ရဲ့ ဂျီဒီပီလည်းကျဆင်းနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံမို့ပါ။

ဟိတုန်းကဆိုရင် အောက်ပြည်အောက်ရွာသွားတဲ့ အညာသူ အညာသားတွေဟာ အပြန်မှာ ဘာလက်ဆောင်မှမပါရင်နေ ဆန်လေးတစ်စိတ်၊ တစ်ခွဲလောက် အညာဆန်ရထားကြီးတွေစီးပြီး သယ်ကြရတာပါ။ အညာမှာ ဆန်ရှားတာကိုး။ ခုတော့ ဒါတွေဟာ ပြောင်းပြန်ဖြစ်သွားပြီ။ ဆည်တမံတွေရဲ့ကျေးဇူးကြောင့် အညာကဆန်တွေ ပြည်ပနိုင်ငံအထိ ပို့နေပြီ။ စပါးပေါ်ချိန်ဆို အညာကဆန်ကားကြီးတွေ ရန်ကုန်ဆိပ်ကမ်းတွေကတစ်ဆင့် ပို့နေတာ အများအပြားတွေ့ရပါတယ်။ အညာသားတွေဟာ စပါးအတွက်မိုးမကောင်းလို့ စပါးအောင်ရေမရဖို့ ပူစရာမလိုတော့ပါဘူး။

စာမျက်နှာ ၁၁ သို့ ☆



ဖြူးချောင်းတမံ ရေလွှဲဆည်ကို တွေ့ရစဉ်။


စစ်တောင်းမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများတည်နေရာပြပုံ
စစ်တောင်းမြစ်ဝှမ်းရှိ ရေအားလျှပ်စစ်စက်ရုံများနှင့် စီမံကိန်းများ
N
Pyinmana
Nay Pyi Taw
Yedashe
Phyu
Kyaukpyu
Dekkhina Thein Chaung
Dekkhina Thein Chaung
Dekkhina Thein Chaung

ထိုင်းဘုရင့်ရေတပ်မှ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Captain Natthawat Wichakul ဦးဆောင်သည့်အဖွဲ့အား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ထိုင်းဘုရင့်ရေတပ်မှ ချစ်ကြည်ရေးခရီးလည်ပတ်ရန် လာရောက်သည့်စစ်ရေယာဉ် HTMS Kraburi (FFG–457)ကို တွေ့ရစဉ်။

ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ်တစ်စင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Kraburi (FFG–457) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

သွားရောက်လေ့လာ

အဆိုပါစစ်ရေယာဉ်အား အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Captain Natthawat Wichakul ဦးဆောင်၍ ချစ်ကြည်ရေးခရီးအဖြစ် လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် ဧပြီ ၄ ရက်အထိ ငါးရက်ကြာနေထိုင်၍ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဧပြီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မတ် ၃၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

တနင်္သာရီတိုင်းဒေသကြီးတွင် ဧပြီလ ပျမ်းမှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလပျမ်းမှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည်မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟူမွလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့်နှင့် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

☆ စာမျက်နှာ ၁၀ မှ

ဒါပေမဲ့လည်း အခြေခံအဆောက်အအုံတွေဖြစ်တဲ့ ဆည်တမံတွေကို တည်ဆောက်နိုင်ခဲ့ပေမယ့် စိုက်ပျိုးရေးပေဖို့မြောင်းလက်တံတွေ၊ တူးမြောင်းတွေ၊ ရေသောက်စနစ်တွေ ဆက်လက်တည်ဆောက်ဖို့ကျန်ပါသေးတယ်။

မြောင်းလက်တံတွေတည်ဆောက်

ဖြူးချောင်းရေလှောင်တမံ စီမံကိန်းတစ်ခုတည်းကိုကြည့်မယ်ဆိုရင် အခုမှ ဆည်ရေသောက်ဧက ၁၈၀၀၀ လောက် မြောင်းလက်တံတွေတည်ဆောက်ပြီးနေတာဖြစ်ပါတယ်။ ဆည်ရေသောက်ဧက ၉၀၀၀၀ အထိ ဖော်ဆောင်ဖို့ကျန်ရှိနေပါသေးတယ်။ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ ဆည်ရေသောက်ဧက ၉၀၀၀၀ အတွက် လျာထားဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဖြူးချောင်းတမံလို ဘဏ္ဍာနှစ်အလိုက် ဖော်ဆောင်မယ့် ဆည်ရေသောက်စနစ်တွေ ကျန်ရှိနေဦးမယ်လို့ ခန့်မှန်းရပါတယ်။

ဒီလို ဘဏ္ဍာနှစ်တွေအလိုက် ဆည်ရေသောက်စနစ်တွေဖြစ်တဲ့ မြောင်းလက်တံတွေ၊ ရေသိုလှောင်မှုစနစ်တွေ ကောင်းလာတာနဲ့အမျှ မြန်မာပြည်တစ်နံတစ်လျားမှာ ရွှေရောင်ဝင်းတဲ့စပါးခင်းတွေ ဟာလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာဦးမှာ ဖြစ်ပါတယ်။ နွေအခါမှာ ရေရှာစရာမလိုဘဲ စိုက်ဧကတွေ တိုးလာဖို့ရှိပါတယ်။ အခုအခါမှာ စပါးအပြင် နွေနှမ်းတွေတောင် စိုက်နေကြပါပြီ။ ကဲ..စပါးက ဆန်၊ နှမ်းက ဆီ ဘာပူစရာလိုသေးလဲ။ ဩော်. ဒါကလည်း ဆည်တမံများ အမြော်အမြင်ရှိရှိ တည်ဆောက်ခဲ့တဲ့ကျေးဇူးပေကိုး။ ။

ဖြူးချောင်းရေလှောင်တမံကို ဤသို့ လှုပခဲ့ညားစွာတွေ့ရစဉ်။

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ရှမ်းပြည်နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ကြီး မတ် ၃၁

ရှမ်းပြည်နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်း ကြီးကြပ်ရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် စက်သုံးဆီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပြောကြား

အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ်က ဓာတ်ဆီရောင်းချပေးမှုတွင် ဗဟိုကော်မတီ၏ လမ်းညွှန်မှုအတိုင်း အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ လက်ရှိအချိန်တွင် QR Code နှင့် Bar Code စနစ်ဖြင့် အင်ဂျင်ပါဝါအလိုက် ဝယ်ယူခွင့်ပြုထားကြောင်း၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန တစ်ခုတည်းမဟုတ်ဘဲ ကော်မတီအဖွဲ့များက ဝိုင်းဝန်း ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ သင်္ကြန်ကာလအတွင်း စက်သုံးဆီများ ပုံမှန်ရောင်းချနိုင်ရန် လိုအပ်ပါကြောင်း၊ ခရိုင်၊ မြို့နယ် ကော်မတီများကလည်း မြေပြင်ကွင်းဆင်း စောင့်ကြည့်စီစစ် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးရိတ်သိမ်းချိန်တွင် ဆီများ ရှိရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေး တောင်သူများအတွက် မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို ဝိုင်းဝန်း ဆွေးနွေးပေးကြစေလိုကြောင်း၊ ကုန်ထုတ်လုပ်မှု နောက်ကျစေ ရေးအတွက် ပြည်နယ်အဆင့် ဆပ်ကော်မတီမှ ကော်မတီဝင်များ ကလည်း ဝိုင်းဝန်းဆွေးနွေးပေး ကြစေလိုကြောင်း ပြောကြား သည်။

ထို့နောက် ရှမ်းပြည်နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ကျေးရွာစိုက်ပျိုးရေး တောင်သူများ၏ လိုအပ်ချက်များကို စာရင်းပြုစု ဆောင်ရွက်ပေးရန် လိုကြောင်း၊ လယ်ယာသုံးထွန်စက်များ စက်သုံးဆီ ထုတ်ပေးနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားကာ စိုက်ပျိုးရေးတောင်သူများ ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဧပြီလကုန်တွင် တောင်သူများ မြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ဇွန်လမှ ညြဂုတ်လ အထိ စပါးရိတ်သိမ်းချိန်ကာလ ဖြစ်ကြောင်း၊ အဓိကစက်သုံးဆီ လိုအပ်ချက်မှာ ပရီမီယမ်ဒီဇယ်ဆီ ဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေး တိုးတက်မြင့်မားရေးအဖွဲ့ရှိ သည့်အတွက် ၎င်းတို့မှတစ်ဆင့် ထောက်ခံတင်ပြဆောင်ရွက်ပေး နိုင်ကြောင်း တင်ပြဆွေးနွေး သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ချုပ်က လယ်ယာသုံးစက်ပစ္စည်း များအတွက် စက်သုံးဆီသီးခြား ရောင်းချပေးနိုင်ရန်နှင့် ကျေးရွာရှိ တောင်သူများအတွက် စက်သုံးဆီ ထုတ်ယူနိုင်ရေး၊ စိုက်ပျိုးရေး ကြီးကြပ်အဖွဲ့များမြို့နယ်တွင်သာ ရှိပြီး ကျေးရွာအထိ ဖွဲ့စည်းပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့် ကျေးရွာစိုက်ပျိုးရေး တောင်သူများ၏ လိုအပ်ချက်များ ကို စာရင်းပြုစု ဆောင်ရွက်ပေးရန် လိုကြောင်း၊ လယ်ယာသုံးထွန်စက် များ စက်သုံးဆီ ထုတ်ပေးနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက် ပေးရန် လိုအပ်ကြောင်း မှာကြား ကာ စိုက်ပျိုးရေးတောင်သူများ စက်သုံးဆီရရှိနိုင်ရေး အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။

ထို့နောက် ပြည်နယ်အစိုးရ အဖွဲ့ အတွင်းရေးမှူး၊ စက်သုံးဆီ လုပ်ငန်းရှင် တာဝန်ရှိသူများ၊ သက်ဆိုင်ရာပြည်နယ်အဆင့် ဌာန ဆိုင်ရာများက တောင်သူများ စက်သုံးဆီရရှိရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မှောင်ခို ဈေးကွက်မရှိအောင် ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် လိုအပ် ကြောင်း၊ ယခုကာလတွင် မီးအန္တရာယ်ရှိသည့် အတွက် စက်သုံးဆီများ ထိန်းသိမ်းသိုလှောင် ထားမှုမရှိစေရေး အတွက် သက်ဆိုင်ရာဌာနများက ကွင်းဆင်း စစ်ဆေးပေးရန်နှင့် ပညာပေး နည်းလမ်းများဖြင့် ကြပ်မတ် ထိန်းသိမ်းပေးကြရန် လိုအပ် ကြောင်း၊ စားဖိုဆောင်သီးနှံများ ရာသီအလိုက် စိုက်ပျိုးလျက်ရှိ သဖြင့် လယ်ယာသုံးစက်ပစ္စည်း များ စက်သုံးဆီရရှိရန် လိုအပ် ကြောင်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသည် ရေရှည်သွားရမည့် ကိစ္စဖြစ်၍ အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မတ် ၃၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား သုံးဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်နှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အိန္ဒိယနိုင်ငံသား တစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ အုပ်ချုပ်မှုအရာရှိနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံရုံးမှတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့နယ်အနီးတွင် တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၁၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသား အားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၃ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အဖြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့အား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူမှုကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပုသိမ်ကြီးမြို့နယ်အတွင်း စက်ရုံ၊ အလုပ်ရုံများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပုသိမ်ကြီး မတ် ၃၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနသည် နွေရာသီ ရောက်ရှိလာပြီဖြစ်၍ မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအား ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၃၁ ရက် နံနက် ၉ နာရီက မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်၊ ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်း စစ်ဆေးကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် စက်ရုံတာဝန်ရှိသူများ၊ ဝန်ထမ်းများအား မီးသတိရှိရေး မီးလောင်/မီးလန့်မှု မဖြစ်ပွားစေရေး၊ အသိပညာပေးဟောပြောခြင်း၊ 191 Report Application အသုံးပြုနည်းကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူး လက်တွေ့အသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို ဆောင်ရွက်ကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ မြို့နယ်အတွင်း ကျန်ရှိနေသေးသည့် စက်ရုံ၊ အလုပ်ရုံများကိုလည်း ဆက်လက် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဓာနည်ကိုကို(ပြန်/ဆက်)

အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရုရှားသမ္မတနှင့် အီဂျစ်သမ္မတ ဆွေးနွေး

ကိုင်ရိ မတ် ၃၁

အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အီဂျစ်သမ္မတ အဗ္ဒဒဲဖာတာ့ခ်စ်အယ်လ်စီစီတို့ကြား ဖုန်းဖြင့် မတ် ၃၁ ရက်က ဆွေးနွေးခဲ့ကြောင်း အီဂျစ်သမ္မတရုံးက ပြောကြားသည်။

အီဂျစ်အနေဖြင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့်လက်တွဲ၍ အရှေ့အလယ်ပိုင်းဒေသတွင် တည်ငြိမ်အေးချမ်းမှုများရရှိရေးနှင့် တင်းမာမှုများလျော့ချရေးအတွက် ဆောင်ရွက်နေကြောင်း အီဂျစ်သမ္မတက ပြောကြားသည်။ အီဂျစ်နိုင်ငံ၏ ဆောင်ရွက်ချက်များအပေါ် ချီးကျူးဂုဏ်ပြုကြောင်းနှင့် အီဂျစ်အနေဖြင့် လက်ရှိအချိန်တွင် ဖြစ်နေသည့် ပဋိပက္ခများကို လျှော့ချနိုင်ပြီး တည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိရေး ဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောကြားသည်။

ထို့ပြင် ဂါဇာဒေသတွင်ဖြစ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ ပြီးဆုံးရေးအတွက် ဆောင်ရွက်ရန်အပါအဝင် ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများရရှိရေးနှင့်ပြန်လည် ထူထောင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဩစတြေးလျနိုင်ငံတွင် ဆိုရှယ်မီဒီယာသုံးစွဲခွင့်ပိတ်ပင်သည့် ဥပဒေကို လိုက်နာရန် ပျက်ကွက်ခဲ့သည့် လူမှုမီဒီယာငါးခုကို စုံစမ်းစစ်ဆေး

ဆစ်ဒနီ မတ် ၃၁

ဩစတြေးလျနိုင်ငံတွင် အသက် ၁၆ နှစ်အောက် ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့် ပိတ်ပင်သည့် ဥပဒေကို လိုက်နာရန် ပျက်ကွက်ခဲ့သည့် လူမှုမီဒီယာ ပလက်ဖောင်းငါးခုကို စုံစမ်းစစ်ဆေးနေကြောင်းဩစတြေးလျအစိုးရက မတ် ၃၁ ရက်တွင် ပြောကြားသည်။ လူမှုမီဒီယာများဖြစ်သည့် ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ်တို့အပေါ် စည်းမျဉ်းချိုးဖောက်မှုနှင့် ပတ်သက်၍ သံသယရှိကြောင်း အစိုးရအီလက်ထရွန်နစ် ဘေးကင်းလုံခြုံရေး တာဝန်ရှိသူ ဂျူလီအန်မန်ဂရန့်က ပြောကြားသည်။

ပျက်ကွက်ခဲ့

၎င်းဥပဒေအရ အသက် ၁၆ နှစ်အောက်ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခြင်းမှ ပိတ်ပင်ရန် ပျက်ကွက်ခဲ့သည့် ဆိုရှယ်မီဒီယာလုပ်ငန်းများအနေဖြင့်ဩစတြေးလျဒေါ်လာ ၄၉ သန်း ၅၀ သန်းအထိ ဒဏ်ကြေး ပေးရမည်ဖြစ်သည်။ ဆိုရှယ်မီဒီယာပလက်ဖောင်းများအနေဖြင့် အသက် ၁၆ နှစ်အောက် ရှိသူများအား ပလက်ဖောင်းများတွင် အကြိမ်ကြိမ်ဝင်ရောက်နိုင်ရေးအတွက် လျစ်လျူရှုပေးခဲ့ပြီး အသက်မပြည့်သူများ လူမှုမီဒီယာပလက်ဖောင်း သုံးစွဲခြင်းနှင့် ပတ်သက်၍ သတင်းပို့ရန် ပျက်ကွက်ခဲ့ကြောင်း သိရသည်။

ၾသစတြေးလျနိုင်ငံတွင် လုပ်ငန်းများအား အရေးယူရေး အတွက် အီလက်ထရွန်နစ် ဘေးကင်းလုံခြုံရေး အဖွဲ့အစည်းက ဆောင်ရွက်မည်ဟု ယုံကြည်ကြောင်း ဆက်သွယ်ရေးဝန်ကြီး အနီကာဝဒိတ က ပြောကြားသည်။ အဆိုပါ လုပ်ငန်းများအနေဖြင့် ဩစတြေးလျနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လိုပါက နိုင်ငံ၏ ဥပဒေကို လိုက်နာရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

တရုတ်နိုင်ငံ၌ ကျန်းမာရေးအာမခံဆိုင်ရာ လိမ်လည်မှုများအတွက် စည်းမျဉ်းများ ချမှတ်ဆောင်ရွက်မည်

ပေကျင်း မတ် ၃၁

တရုတ်နိုင်ငံသည် ကျန်းမာရေးအာမခံဆိုင်ရာ လိမ်လည်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် စည်းမျဉ်းများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အစောပိုင်းတွင် တရုတ်အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သည် အခြေခံကျန်းမာရေးအာမခံရန်ပုံငွေသုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ လမ်းညွှန်ချက်များထုတ်ပြန်ခဲ့သည်။ ၎င်းလမ်းညွှန်ချက်များအရ ဆေးရုံများ၊ ဆေးခန်းများနှင့် ဆေးဆိုင်များအနေဖြင့် နိုင်ငံသားများအား ကျန်းမာရေးအာမခံနှင့်ပတ်သက်၍ လိမ်လည်ရန် အားပေးကူညီလျှင် အရေးယူခံရမည်ဖြစ်သည်။ ထို့ပြင် အခြေခံကျန်းမာရေးရန်ပုံငွေအရ ငွေကြေးပေးချေထားသည့် ဆေးဝါးပစ္စည်းများကို ပြန်လည်ရောင်းချလျှင် အရေးယူခံရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းသတ်မှတ်ထားသည့် အဖွဲ့အစည်းများနှင့် နိုင်ငံသားတစ်ဦးချင်းစီကို လွှမ်းခြုံမှုရှိသည့် ကျန်းမာရေးအာမခံဆိုင်ရာ စီမံခန့်ခွဲရေးစနစ်ကို စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်မည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဗီယက်နမ်နိုင်ငံရှိ လေကြောင်းနှင့် ရေကြောင်း ကဏ္ဍများတွင် အခကြေးငွေအမျိုးမျိုးပေးဆောင်မှုမှ ကင်းလွတ်ခွင့်ပြုမည်

ဟန္ဓိုင်း မတ် ၃၁

ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကမ္ဘာ့လောင်စာဆီဈေးနှုန်း မတည်ငြိမ်မှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ယခုနှစ်ကုန်အထိ လေကြောင်းနှင့် ရေကြောင်းကဏ္ဍများတွင် အခကြေးငွေအမျိုးမျိုး ပေးဆောင်မှုမှ ကင်းလွတ်ခွင့်ပေးရန် အဆိုပြုခဲ့ကြောင်း သိရသည်။

ကင်းလွတ်ခွင့်များတွင် ပြည်တွင်းလေကြောင်းလိုင်းများနှင့် လေကြောင်းကဏ္ဍရှိ အခကြေးငွေများအပြင် ရေကြောင်းဘေးကင်းရေး အာမခံချက်၊ ကျောက်ချနေရာများအသုံးပြုမှုနှင့် ရေကြောင်းကဏ္ဍတွင် ဆိပ်ကမ်းဝင်ထွက်မှုဆိုင်ရာ အခကြေးငွေများ အကျုံးဝင်မည်ဖြစ်သည်။

ယင်းမူဝါဒသည် လုပ်ငန်းလည်ပတ်စရိတ်များကို လျှော့ချရန်၊ ကုန်စည်ပို့ဆောင်ခ မြင့်တက်မှုကို ထိန်းချုပ်ရန်နှင့် ပြည်တွင်းနှင့် နိုင်ငံတကာထောက်ပံ့ရေးကွင်းဆက်များ၏ စဉ်ဆက်မပြတ်တည်တံ့မှုကို ထိန်းသိမ်းရန် ကူညီပေးလိမ့်မည်ဟု သိရသည်။

အဆိုပါအခကြေးငွေကင်းလွတ်ခွင့်အရ နိုင်ငံတော်ဘတ်ဂျက်ဝင်ငွေကို ဗီယက်နမ်ဒေါင် ၃ ဒသမ ၅၅ ထရီလီယံခန့် (အမေရိကန်ဒေါ်လာ ၁၄၁ ဒသမ ၆ သန်းခန့်) လျော့ကျမည်ဟု ခန့်မှန်းထားပြီး လေကြောင်းကဏ္ဍတွင် ဒေါင် ၂၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၇ သန်းခန့်) နှင့် ရေကြောင်းကဏ္ဍတွင် ဒေါင် ၃ ဒသမ ၃၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၉ သန်းခန့်) အသီးသီးလျော့ကျမည်ဟု ခန့်မှန်းထားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

မလေးရှားနိုင်ငံ၌ လောင်စာဆီထောက်ပံ့ရေးကွင်းဆက်များ အားကောင်းစေရေး ဆောင်ရွက်မည်

ကွာလာလမ်ပူ မတ် ၃၁

မလေးရှားနိုင်ငံပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းသည် အရှေ့အလယ်ပိုင်း ပဋိပက္ခအရ ဖြစ်လာသည့် နိုင်ငံ၏ လောင်စာဆီဖြန့်ဖြူးရေး အခက်အခဲများ ပြေလည်စေရေးအတွက် နိုင်ငံ၏ လောင်စာဆီထောက်ပံ့ရေးကွင်းဆက်များ တိုးမြှင့်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မလေးရှား နိုင်ငံသည် လောင်စာဆီ ထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သော်လည်း အရှေ့အလယ်ပိုင်း ပဋိပက္ခ၏ အကျိုးသက်ရောက်မှုများ နိုင်ငံအပေါ် ရိုက်ခတ်လာခြင်းကို အပြည့်အဝဖတ်ားဆီးနိုင်ခဲ့ခြင်းနှင့် နိုင်ငံအတွက်လိုအပ်သည့် ရေနံစိမ်းပမာဏ၏ ၄၀ ရာခိုင်နှုန်းကို ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်း၍သယ်ယူနေရကြောင်း ပီထရိုနက်စ်က ပြောကြားသည်။ ၎င်းပဋိပက္ခ စတင်ချိန်မှစ၍ ရေနံစိမ်းဈေးနှုန်း ၄၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ သင်္ဘော သယ်ယူပို့ဆောင်ရေး စရိတ်နှင့် လောင်စာဆီ သယ်ယူပို့ဆောင်ရေးစရိတ်များ မြင့်တက်လာခြင်းကလည်း မလေးရှားနိုင်ငံ၏ လောင်စာဆီကဏ္ဍကို ထိခိုက်စေခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ ကုန်ကျစရိတ်များ မြင့်တက်လာခြင်းကို ကာကွယ်ရန်အတွက် ပီထရိုနက်စ်အနေဖြင့် ၎င်း၏ လက်အောက်ခံ လုပ်ငန်းများ အတူပူးပေါင်း ဆောင်ရွက်ခဲ့ပြီး အနာဂတ်ကာလ တွင်လည်း စွမ်းအင်ဖူလုံမှု ရှိစေရေးအတွက် ထပ်မံ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ နိုင်ငံသားများနှင့် စက်မှုလုပ်ငန်းများအတွက် လောင်စာဆီဖူလုံစွာ ရရှိရေး ဆောင်ရွက်မည်ဟု ပီထရိုနက်စ်၏ ထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံသားများအနေဖြင့် လောင်စာဆီ ပြတ်လပ်ခြင်းကို ပူပန်မှုကြောင့် အများအပြား ဝယ်ယူခြင်းမပြုရန်နှင့် ဈေးကစား ခြင်းမပြုရန် ညွှန်ကြားခဲ့ပြီး ၎င်းဆောင်ရွက်ချက်များကြောင့် ပဋိပက္ခဆိုင်ရာအကျိုးသက်ရောက်မှုများ ကြာရှည်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ထားဝယ်-မြိတ် ဆက်သွယ်ရေးလမ်းကြောင်းရှိ ဝင်းဝတံတားအား ပြန်လည်ထိန်းချုပ်နိုင်မှုကို တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများက ဝင်းဝတံတားနေရာတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်ပြီး ထားဝယ်-မြိတ် ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်စဉ်။

☆ ကျောဖုံးမှ

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တံတားနေရာတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်ရေးလိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ မတ် ၂၈ ရက်တွင် စီတောကျေးရွာအားလည်းကောင်း၊ မတ် ၂၉ ရက်တွင် ရေချိုချောင်းကျေးရွာအားလည်းကောင်း၊ မတ် ၃၀ ရက်တွင် ပွိုင့်-၁၆၈ တောင်ကုန်းနှင့် ချောင်းဝဲပြင်ကျေးရွာအားလည်းကောင်း အဆင့်ဆင့်ပြန်လည်ထိန်းချုပ်ခဲ့ပြီး ယနေ့တွင် ဝင်းဝရဲစခန်းဟောင်းနေရာနှင့် ဝင်းဝတံတားနေရာ တစ်ဝိုက်တို့အား တပ်မတော်စစ်ကြောင်းများက အပြည့်အဝ ပြန်လည် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သဖြင့် ထားဝယ်-မြိတ်သွားကားလမ်းတွင် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည် သွားလာနိုင်ပြီဖြစ်သည်။

ယခုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဝင်းဝတံတားအား တပ်မတော်စစ်ကြောင်းများက အပြည့်အဝပြန်လည် ထိန်းချုပ်ပြီး ထားဝယ်-မြိတ်သွား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာ ကျေးဇူးတင်ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် မိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော(၁၁)နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် (၂၅၄၁၀၀)ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမှိုးလန်ခြင်း၊ ယိုင်လဲ ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များ ဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူ လူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း (၈၆၀၀၀)ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေးကျရောက်နိုင်သော ဆောင်းအကုန် နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များလေပြင်း ဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီးတော့တင်း ခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များ အား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်းကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ခန/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နှန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကိုခုတ်ထွင် ရှင်းလင်းထားပါ။

(ခ) **အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် ဖို့သံကြီးကြီး နှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ် အမြင့်၏ ၃ ပုံ ၂ ပုံထိမြှုပ်၍ တည်ဆောက်ပါ။ မြေဝင် နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ် ဖိနပ်အား ဇာဝိနှင့် မူလိအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန်မိမိအိမ်၏ တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန် နှင့် အမိုးလွှင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုး များ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထား ပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်) ထက်ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွှင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြားး၍ နီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ် တည်း စနစ်တကျချိတ်ဆက်ထားပါ။ နေအိမ်၏ တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သောထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မလွဲ၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာ ကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွှင့်ပါကာ အန္တရာယ်ဖြစ်စေနိုင် သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြု ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်း လုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း ပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံ များနှင့်ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့်ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သောကလေးသူငယ် များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်း သူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီ လိုအပ် သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံ နိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံထဲကြည်သည့် PDF အဖွဲ့ဝင် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးတစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသားခြောက်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခုနစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့မှ နှစ်ဦး၊ တနင်္သာရီမြို့မှ နှစ်ဦး၊ ဘုတ်ပြင်းမြို့မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ တစ်ဦး၊ အင်္ဂပူမြို့မှ တစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် HK-33 သေနတ်တစ်လက်၊ M-16 သေနတ် တစ်လက်၊ ကျည်အိမ်ငါးခု၊ ၅ ဒသမ ၅၆ ကျည် ၁၈၈ တောင့်၊ MG-1 လက်ပစ်ဗုံးတစ်လုံးနှင့် ကျည်ကာအင်္ကျီတစ်ထည်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် သေနတ်နှစ်လက်အတွက် ကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေ သုံးသိန်းကျပ်နှင့် လက်နက်မဲ့ အလင်းဝင်ရောက်လာသူငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၅၀ စုစုပေါင်းချီးမြှင့်ငွေကျပ် ၁၅၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများအား ခဲဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံခဲ့ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကိုယ်စား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက် အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက် လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့ များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်/မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

PDF ထဲဝင်ရောက်တဲ့ခုနှစ်ကတော့ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ဖြစ်ပါတယ်။ တောထဲရောက်တဲ့ အတွေ့အကြုံကတော့ အိမ်မှာ နေရသလိုမနေရဘူး။ အိပ်ကောင်းခြင်းလည်း မအိပ်ရဘူး။ စားကောင်းခြင်းလည်း မစားရဘူး။ အဲဒီထဲကို ရောက်တဲ့အချိန်မှာ ထင်ထားတာနဲ့ တခြားစီဖြစ်နေတယ်။ နေရတာလည်း သိပ်အဆင်မပြေဘူး။ စိတ်တွေမွန်းကျပ်

တယ်။ စိတ်ဆင်းရဲဒုက္ခကိုလည်း ခံရတာပေါ့။ ခဏခဏလည်း ငိုရတယ်။ အိမ်ကိုလွမ်းလို့။ ထွက်ပြေးဖို့အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ သုံးကြိမ်ကြိုးစားခဲ့တယ်။ နှစ်ကြိမ်က မအောင်မြင်ခဲ့ဘူး။ တစ်ကြိမ်တော့လွတ်လာခဲ့တယ်။ အခုလို ဥပဒေဘောင်အတွင်းသို့ အလင်းဝင်လာတဲ့သူတွေကို အခုလို အစားအသောက်တွေ ကျွေးမွေးပေးတဲ့အပြင် ထောက်ပံ့ငွေပေးပြီး နွေးနွေးထွေးထွေး ကြိုဆိုတဲ့ အတွက် နိုင်ငံတော်နဲ့ တပ်မတော် အကြီးအကဲတွေကို ကျေးဇူးတင်ရှိပါတယ်ရှင်။ တောထဲကျန်ခဲ့တဲ့ PDF လူငယ်တွေကိုလည်း ဥပဒေဘောင်အတွင်းသို့ အမြန်ဆုံး အလင်းဝင်ကြဖို့ တိုက်တွန်းပြောချင်ပါတယ်ရှင်။

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံ ကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရောစပ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှေပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေထဲငုံနှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရန်ိင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နှစ်ကြိမ် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ငါးလုပ်ငန်းဦးစီးဌာန

❍ ကမ္ဘာ့ဖလားမှ

ဂါနာအသင်းမှာ မန်စီးတီးအသင်းတိုက်စစ်မှူး ဆီမန်ညို၊ စပါးအသင်းတိုက်စစ်မှူး ကွဒက်တို့လို ကစားသမားကောင်းတွေရှိခဲ့ပေမယ့် နည်းပြအေ့တိုအက်ဒိုလက်ထက်မှာ ၂၀၂၅ ခုနှစ် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲဝင်ခွင့်နဲ့ လွဲခဲ့ခဲ့ရတာလည်းဖြစ်ပါတယ်။

ဂါနာအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၈ ရက်မှာ ပနားမားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဇွန် ၂၃ ရက်မှာ အင်္ဂလန်အသင်း၊ ဇွန် ၂၇ ရက်မှာ ခရိုအေးရှားအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ကနေဒါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကိုတော့ ဇွန် ၁၁ ရက်ကနေ ဇူလိုင် ၁၉ ရက်အထိ ကျင်းပမှာလည်းဖြစ်ပါတယ်။

ငွေကြေး

ရေချေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ်ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက်အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင်ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ဒေးယျံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ဒေးယျံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ်၃၀ ရက် နံနက် ၇ နာရီက အဆိုပါ စေတီတော်မြတ်ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး စေတီတော်မြတ် ဩဝါဒဆရာတော်ကြီးများ ဖြစ်ကြသော သန်လျင်မြို့ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေး စာသင်တိုက် ဦးစီးပဓာနနာယက ဝိသုဒ္ဓါရာမ ဗုဒ္ဓတက္ကသိုလ် အဓိပတိ (နိုင်ငံတော်သံဃသမ္မာတိ) ဒီဃဘာဏက အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုမာရဆရာတော်ကြီးနှင့် သန်လျင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက် (သာသနာ့ဓဇ ဓမ္မာစရိယ Ph.D) ဒေါက်တာ ဘဒ္ဒန္တ ဉာဏိန္ဒ၊ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ဒေးယျံစေတီတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ၏ ဩဝါဒါစရိယ သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် စာတိုက်ကုန်း မဏ္ဍာလာရုပဓမ္မောင်းတိုက် ဦးစီးပဓာနနာယက ကျိုက်ဒေးယျံ ဆရာတော် (ဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မစရိယ ကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တ ဥတ္တရ ဆရာတော်ကြီးတို့က မင်္ဂလာအချိန်တွင် ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးတော်မူကြသည်။

ထို့နောက် စေတီတော်မြတ် ဩဝါဒါစရိယ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေး စာသင်တိုက် ဦးစီးပဓာနနာယက ဝိသုဒ္ဓါရာမ ဗုဒ္ဓတက္ကသိုလ် အဓိပတိ (နိုင်ငံတော်သံဃသမ္မာတိ) ဒီဃဘာဏက အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုမာရဆရာတော်ကြီးနှင့် သန်လျင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက် (သာသနာ့ဓဇ ဓမ္မာစရိယ Ph.D) ဒေါက်တာ ဘဒ္ဒန္တ ဉာဏိန္ဒ၊ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ဒေးယျံစေတီတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ၏ ဩဝါဒါစရိယ သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် စာတိုက်ကုန်း မဏ္ဍာလာရုပဓမ္မောင်းတိုက် ဦးစီးပဓာနနာယက ကျိုက်ဒေးယျံ ဆရာတော် (ဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မစရိယ) ဘဒ္ဒန္တ ဥတ္တရ ဆရာတော်ကြီးတို့က မင်္ဂလာအချိန်တွင် ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးတော်မူကြသည်။

ဆရာတော်ကြီးများ ဖြစ်ကြသော သန်လျင်မြို့ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေး စာသင်တိုက် ဦးစီးပဓာနနာယက ဝိသုဒ္ဓါရာမ ဗုဒ္ဓတက္ကသိုလ် အဓိပတိ (နိုင်ငံတော်သံဃသမ္မာတိ) ဒီဃဘာဏက အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုမာရဆရာတော်ကြီးနှင့် သန်လျင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက် (သာသနာ့ဓဇ ဓမ္မာစရိယ Ph.D) ဒေါက်တာ ဘဒ္ဒန္တ ဉာဏိန္ဒ၊ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ဒေးယျံစေတီတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ၏ ဩဝါဒါစရိယ သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် စာတိုက်ကုန်း မဏ္ဍာလာရုပဓမ္မောင်းတိုက် ဦးစီးပဓာနနာယက ကျိုက်ဒေးယျံ ဆရာတော် (ဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မစရိယ) ဘဒ္ဒန္တ ဥတ္တရ ဆရာတော်ကြီးတို့က မင်္ဂလာအချိန်တွင် ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးတော်မူကြသည်။

သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၃၁ ရက်တွင် လှည်းကူးမြို့နယ် နိဗ္ဗာန်ဆိပ်ဦး ဘုန်းတော်ကြီးကျောင်းအတွင်းရှိ သာသနာ့လက်ဝယ်ရသိမ်တော်ကြီး၌ ကျင်းပသည်။

